# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ် (၀၃၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်လူမျိုးအပေါ် ကျရောက်လာမည့် မည်သည့်အခက်အခဲ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော မျိုးချစ်စိတ်ဓာတ်တို့ဖြင့် တိုင်းရင်းသားပြည်သူများနှင့်အတူ အခိုင်အမာ ရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဟု ယုံကြည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ
(၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ
(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ကျရောက်သော (၆၉) နှစ်မြောက် ကရင်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများကို ပိုင်ဆိုင်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်ပါသည်။ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမ အားလုံးတို့သည် နိုင်ငံ၏


စာမျက်နှာ ၃ ကော်လံ ၁ ❐


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေး၊ ကြိုဆိုညစာစားပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Haigeng Garden Hotel ၌ တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်အား


စာမျက်နှာ ၅ ကော်လံ ၁ ❍




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang တို့ တွေ့ဆုံဆွေးနွေးစဉ်။




## ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ကြဉ်းမည့်ခရီးစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် နိုဝင်ဘာလ ၆ ရက်မှ ၇ ရက်အထိ ကျင်းပပြုလုပ်လျက်ရှိသည့် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား– လာအို– မြန်မာ– ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးတို့သို့ ပါဝင်တက်ရောက်လျက်ရှိပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၅ ရက်က တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့် တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး အလေးထားဆောင်ရွက်ရန်၊ စိုက်ပျိုးမွေးမြူရေး၊ ပြန်လည်ပြည့်ဖြိုးမြဲ သစ်တောထွက်သယံဇာတများ အခြေခံသည့် စက်မှုလုပ်ငန်းများတို့တွင် လာရောက်ရင်းနှီးမြှုပ်နှံရန်၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် စသည်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင်လည်း တရုတ်–မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ကူမင်းမြို့တွင် ကျင်းပခဲ့ရာ နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများနှင့်ဆက်စပ်နေသည့် ကဏ္ဍများတွင် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံကြရေးအတွက် ရှင်းလင်းပြောကြား ဖိတ်ခေါ်မှုများ ပြုလုပ်ခဲ့သည်။ ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံ၏ အနောက်ပိုင်းတွင် တည်ရှိသော ကုန်းတွင်းပိတ်ပြည်နယ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ပြည်နယ်ဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ပင် တိုင်းရင်းသားလူမျိုးများစွာရှိပြီး နှစ်နိုင်ငံ နယ်နိမိတ်မျဉ်း၏ တစ်ဖက်တစ်ချက်တွင် နေထိုင်ကြသည်ကို တွေ့ရသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ယူနန်ပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်လာစေရန် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိရာ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည်ကိုလည်း တွေ့ရှိရသည်။

ယူနန်နှင့် မြန်မာတို့သည် ခြံစည်းရိုး၏ တစ်ဖက်တစ်ချက်၊ မြစ်၏ ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းတို့တွင် ရေမြေတစ်ဆက်တစ်စပ်တည်း တည်ရှိနေပြီး နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန် ကူးလူးဆက်ဆံနေကြသည်မှာ ရာစုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ တရုတ်–မြန်မာ နယ်စပ်ကုန်သွယ်ရေးနှင့် နှစ်နိုင်ငံ၊ နှစ်ဖက်ပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် နယ်စပ်ဖြတ်ကျော်စီမံကိန်းကြီးများ စသည်တို့ကို မြန်မာနှင့် ယူနန်တို့အကြား ဆောင်ရွက်နေရခြင်းဖြစ်သည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရေး၊ အရှိန်အဟုန်တိုးမြှင့်နိုင်ရေးတို့တွင် မြန်မာနိုင်ငံအနေဖြင့် အကန့်အသတ်အချို့ရှိနေရာ အဓိကအချက်မှာ တရုတ်–မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးပင် ဖြစ်သည်။ ယင်းဒေသများတွင် ရည်မှန်းချက်အကျိုးစီးပွားမတူသည့် လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများစွာရှိနေပြီး နောက်ကွယ်မှ ပြင်ပဝင်ရောက်စွက်ဖက်မှုများရှိနေသည့် နေရာလည်းဖြစ်သည်။ သို့ဖြစ်ရာ တရုတ်–မြန်မာ နှစ်နိုင်ငံ အကျိုးစီးပွားအတွက် နယ်စပ်ဒေသများတစ်လျှောက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်သည် နှစ်နိုင်ငံ အစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ကြဉ်းနိုင်မည့် ခရီးစဉ်ပင်ဖြစ်ပါကြောင်း။ ။

## သံအမတ်ကြီး ဦးသစ်လင်းအုန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်



**နေပြည်တော် နိုဝင်ဘာ ၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ဗလာဒီမီရိုဗစ်ချ် ပူတင်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

## မစ္စတာ ဘွန်ဖီယန် ကျန်ထဝုန် အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၆**

မစ္စတာ ဘွန်ဖီယန် ကျန်ထဝုန် အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် လာအိုနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဘွန်ဖီယန် ကျန်ထဝုန် ကို ၁၉၇၅ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၇ ခုနှစ်တွင် လာအိုအမျိုးသားနိုင်ငံရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုတက္ကသိုလ်မှ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပြီး၊ ၂၀၀၁ ခုနှစ်တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ မြန်မာဘာသာစကားအထူးပြုဖြင့် ဒီပလိုမာကို ရရှိခဲ့ကာ ၂၀၁၇ ခုနှစ်တွင် လာအိုအမျိုးသားတက္ကသိုလ်မှ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဘာသာရပ်ဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။ တာဝန်ထမ်းဆောင်မှုများအဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန၊ စာချုပ်များနှင့်ဥပဒေရေးရာဌာနတွင် လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ရန်ကုန်မြို့ရှိ လာအိုနိုင်ငံသံရုံးတွင်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန၊ လာအိုအမျိုးသားနယ်နိမိတ်ကော်မတီရုံးတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်များ ထမ်းဆောင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ယနေ့အချိန်အထိ လာအိုအမျိုးသားနယ်နိမိတ်ကော်မတီရုံးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

သတင်းစဉ်

## မစ္စတာ ကျိန်းမနက်သ် အား ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၆**

မစ္စတာ ကျိန်းမနက်သ် အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ကမ္ဘောဒီးယားနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ကျိန်းမနက်သ် ကို ၁၉၇၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီး ၂၀၀၈ ခုနှစ် တွင် သြစတြေးလျနိုင်ငံ Queensland တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။ တာဝန်ထမ်းဆောင်မှုများအဖြစ် ၁၉၉၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အထိ ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် ဒုတိယညွှန်ကြားရေးမှူးအထိ လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကူဝိတ်နိုင်ငံရှိ ကမ္ဘောဒီးယားနိုင်ငံသံရုံးတွင် သံရုံးဒုတိယအကြီးအကဲ/သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လာအိုနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အထိ အာရှပစိဖိတ်ဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစတင်၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

သတင်းစဉ်

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် – စိုးစိုးနိုင် | | သတင်းထောက်မှူး – ခင်ရတနာ | |
| စာတည်းမှူး – မြင့်စိုး | | အကြီးတန်း – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ | |
| စာတည်းများ – ဝင်းကျော်၊ နေဇာဇာထွန်း | | သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင် | | အငယ်တန်း – ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး | |
| သုတေသန – အိအိခင်နှင့် အဖွဲ့ | | သတင်းထောက်များ | |
| စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့ | | ဓာတ်ပုံသတင်းထောက် – တင်စိုး | |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့ | | အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့ | |

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၀၄၅၊ ဖက်စ် ၀၆၇–၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၃၄၊ စီမံ ၀၁–၅၄၄၃၃၅၊ ငွေစာရင်း ၀၁–၅၄၄၃၃၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၃၇၊ Fax ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

❒ *ရှေ့ဖုံးမှ*

နေရာဒေသအသီးသီးတွင် ဥမကွဲ သိုက်မပျက်၊ စည်းလုံးညီညွတ်စွာ ယှဉ်တွဲ၍ စုပေါင်းနေထိုင်လာခဲ့ကြသည်ကို သမိုင်းအထောက်အထားများက ခိုင်မာစွာ သက်သေပြလျက်ရှိပါသည်။

ကရင်ပြည်နယ်တွင်လည်း ကရင်တိုင်းရင်းသားတို့သည် အခြားတိုင်းရင်းသားများနှင့်အတူ ရှေးယခင်ကတည်းကပင် ချစ်ခင်ရင်းနှီးစွာ အတူတကွ နေထိုင်လာခဲ့ကြပါသည်။ ၁၈၈၅ ခုနှစ်တွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရပါသည်။ ထိုသို့ လွတ်လပ်ရေးဆုံးရှုံးပြီးနောက် ပြည်ထောင်စုကြီး၏ ဒေသအသီးသီးတွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးများသည် မျိုးချစ်စိတ်ဓာတ်၊ သူ့ကျွန်မခံလိုသည့် စိတ်ဓာတ်တို့ဖြင့် ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့ကို စည်းလုံးညီညွတ်စွာဖြင့် တွန်းလှန်တိုက်ထုတ်ခဲ့ကြပြီး လွတ်လပ်ရေးကို အတူတကွရယူခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွဲ့စည်းတည်ထောင်ခဲ့ရာ ကရင်တိုင်းရင်းသားအများစုနေထိုင်သည့် ဒေသများကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ပေးရန် စတင်ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေအမှတ် ၆၂ အရ သံလွင်ခရိုင်၊ ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ယင်းနောက် ၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ်တိုးချဲ့သတ်မှတ်ရေး အက်ဥပဒေအမှတ် ၁၄ အရ သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသများဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ဒုတိယအဆင့် တိုးချဲ့သတ်မှတ်ခဲ့ပြီး (၆) မြို့နယ်ဖြင့်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့တွင် မြဝတီမြို့အား မြို့နယ်တစ်ခုအဖြစ်သတ်မှတ်ခဲ့၍ စုစုပေါင်းမြို့နယ် (၇) မြို့နယ်ဖြင့်လည်းကောင်း အဆင့်ဆင့်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ကရင်ပြည်နယ်ကို မွေးဖွားသန့်စင်သောနေ့ဖြစ်သည့် ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်ဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့သည့် ၁၉၅၅ ခုနှစ် နိုဝင်ဘာလ (၇) ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် ဂုဏ်ယူသတ်မှတ်ပြီး နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ခြင်းဖြစ်ပြီး ယနေ့ဆိုလျှင် (၆၉) နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ယခင်က ခရိုင် (၄) ခရိုင်နှင့်မြို့နယ် (၇)မြို့နယ်တို့ဖြင့် ဖွဲ့စည်းထားသော ကရင်ပြည်နယ်ကြီးကို မိမိတို့တာဝန်ယူပြီးနောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ခရိုင်အဆင့်တိုးမြှင့်ပြီး ခရိုင် (၆) ခရိုင်ဖြင့် တိုးချဲ့ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်းတွင် ကရင်တိုင်းရင်းသားများနှင့်အတူ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ မွန် အစရှိသည့် တိုင်းရင်းသားများသည် အတူတကွ ချစ်ကြည်အေးချမ်းစွာ နေထိုင်လျက်ရှိပါသည်။ ကရင်ပြည်နယ်သည် နိုင်ငံ၏အရှေ့တောင်ဘက်တွင် တည်ရှိပြီး ရာသီဥတုမျှတကောင်းမွန်၍ သဘာဝအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများ၊ ရေတံခွန် စိမ့်စမ်းများ၊ မြင့်မားစိမ်းစိုသည့် တောင်တန်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများရှိသည့်အပြင် ဇွဲကပင်တောင်၏ သဘာဝအလှတရားသည်လည်း ကရင်ပြည်နယ်၏ အမှတ်သင်္ကေတတစ်ခုအဖြစ် တည်ရှိနေပါသည်။ ထို့အပြင် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် စေတီပုထိုးများနှင့် လှပသောသဘာဝလိုဏ်ဂူများ၊ ချစ်ခင်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို ပိုင်ဆိုင်ထားသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။ ကရင်တိုင်းရင်းသားဆိုသည်နှင့် ရှင်မြူးတက်ကြွဖွယ် ကရင်ဒုံးအကသည် ဖားစည်သံနှင့်အတူ ဇွဲကပင်တောင်တည်ရှိရာနေရာ အထင်ကရဒေသအဖြစ် ပြည်တွင်း၌သာမက ပြည်ပတွင်ပါ ထင်ရှားပါသည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ကရင်ပြည်နယ်အတွင်းတွင်လည်း လက်နက်ကိုင်ပဋိပက္ခများဖြင့် မတည်ငြိမ်၊ မအေးချမ်းသည့်ကာလများ ရှိခဲ့ပါသည်။ နောက်ပိုင်း နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ရရှိစေပြီး (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးပြီး လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ယနေ့နိုင်ငံတော်တွင် ကြုံတွေ့နေရသည့် နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကို လက်နက်ဆွဲကိုင်ပြီး တိုက်ပွဲများ၊ အကြမ်းဖက်မှုများဖြင့် ဖြေရှင်းနေကြခြင်းကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများသာ ဆင်းရဲဒုက္ခမျိုးစုံခံစားနေရခြင်းဖြစ်ရာ တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး အဖြေရှာခြင်း နည်းလမ်းဖြင့် NCA လမ်းကြောင်းအတိုင်း လိုက်ပါဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်သူများအား အသိပေးတိုက်တွန်းလိုပါသည်။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ပိုမိုကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် **“လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်”** ဟူသည့် ရှေ့လုပ်ငန်းစဉ် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နိုင်ငံရေးဦးတည်ချက်များနှင့်အညီ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲစနစ်ဖြစ်စေရန် ဖော်ဆောင်လျက်ရှိပါသည်။ သို့ဖြစ်ရာ မိမိတို့နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား မိဘပြည်သူများက ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် အလေးထားတိုက်တွန်း မှာကြားလိုပါသည်။

❖ **ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ပိုမိုကြိုးစားဆောင်ရွက်လျက်ရှိ**

❖ **ကရင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSMEs လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည် ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားလုံးဆောင်ရွက်သွားကြရမှာဖြစ်**

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများနှင့်မိဘပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျား**

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်စေရေး စသည့်လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးကဏ္ဍတွင် ပြည်တွင်းပြည်ပကုန်သွယ်ရေးလုပ်ငန်းများကို ပင်လယ်ရေကြောင်းမှ ဆောင်ရွက်နေသကဲ့သို့ ကရင်ပြည်နယ်အပါအဝင် နယ်စပ်ဒေသများမှလည်း ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုတွင် ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာ တိုးတက်မှုရှိခဲ့သော်လည်း နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများ နေ့စဉ်ရှိနေသည့်အတွက် နိုင်ငံ့စီးပွားရေးကို ထိခိုက်စေခဲ့ပြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို တွေ့ရှိရပါသည်။ နယ်စပ်ဒေသကုန်သွယ်ရေးတွင် လမ်းခရီး၌ မလိုလားအပ်သော ကုန်ကျစရိတ်များကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်နိုင်သဖြင့် အဟန့်အတားများ မဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါသည်။

ထို့ပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါသည်။ စပါးစိုက်ပျိုးရာတွင်လည်း ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိစေရန်ဆောင်ရွက်ပြီး ပြည်တွင်းဆန်ဖူလုံမှုသာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေး မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSMEs) လုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSMEs လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားလုံးဆောင်ရွက်သွားကြရမှာ ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် လူသားအရင်းအမြစ်များ လိုအပ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ပညာတတ်များ မွေးထုတ်နိုင်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံအတွက် လိုအပ်လျက်ရှိသော ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးကဏ္ဍကို ဘက်စုံပညာရေးအဖြစ် အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအနေဖြင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်၌ ၇၀ ရာခိုင်နှုန်းခန့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၉၂ ရာခိုင်နှုန်း ကျောင်းတက်ရောက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဆူပူအကြမ်းဖက်မှုများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ယာယီရပ်ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသားများအား အချိန်ပိုများသင်ကြားစေပြီး အမှန်တကယ် စာတတ်မြောက်စေရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာ ပြည်သူအားလုံးအနေဖြင့် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်အယူအဆများ ပြည့်ဝမှန်ကန်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးနှင့် ဗလငါးတန်နှင့် ပြည့်ဝသော လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ရာတွင် အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အခက်အခဲ အကျပ်အတည်းများ၊ သဘာဝဘေးအန္တရာယ်များကြောင့် ကြုံတွေ့ရသည့် အခက်အခဲ အကျပ်အတည်းများကို ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျော်ဖြတ်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက်လည်း လူတိုင်းကျန်းမာရေးကောင်းမွန်ရန်၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်များရရှိကာ လူတိုင်းဝင်ငွေရရှိစေရန်၊ ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်စေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက်နှင့် ဒေသအလိုက် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

*စာမျက်နှာ ၄ သို့*

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၃ မှ*

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်ဖျက်ဆီးမှုအန္တရာယ်များကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် အလေးထား တိုက်တွန်းအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်လူမျိုးအပေါ် ကျရောက်လာမည့်မည်သည့်အခက်အခဲ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော မျိုးချစ်စိတ်ဓာတ်တို့ဖြင့် တိုင်းရင်းသားပြည်သူများနှင့်အတူ အခိုင်အမာ ရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဟု ယုံကြည်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ကရင်ပြည်နယ်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါသည်။ နိုင်ငံ၏ အားသည် နိုင်ငံအတွင်းမှာပင်ရှိသလို ပြည်နယ်၏ အင်အားသည်လည်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ စုပေါင်းအားပင်ဖြစ်ပါသည်။ ထို့ပြင် ယနေ့အချိန်တွင် တိုင်းရင်းသား ပြည်သူများလိုလားတောင့်တနေသော နိုင်ငံတော်ကြီးအား စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရေးတို့အတွက် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှားပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ စုပေါင်းစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး ယနေ့ကျရောက်သော (၆၉) နှစ်မြောက် ကရင်ပြည်နယ်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရယူခံစားနိုင်သူများဖြစ်ကြပါစေ။ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးအတွင်းမှ ဂုဏ်ယူဖွယ်ရာ ပြည်နယ်ကြီးအဖြစ် တည်ရှိနေစေရေး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဖော်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တောင်ငူမြို့ရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ မိုးရာသီစခန်းချလေ့ကျင့်ရေး ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ မိုးရာသီစခန်းချလေ့ကျင့်ရေးဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက နယ်မြေခံသင်တန်းကျောင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သင်ခန်းစာသင်ကြားပေးနေမှုကို ကြည့်ရှုအားပေးပြီး သင်တန်းသား စားရိပ်သာ၌ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ ယင်းနောက် သင်တန်းသားများ၏ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့်စာရေးကိရိယာများ(ဒုတိယအကြိမ်) ထောက်ပံ့ပေးအပ်




**နေပြည်တော် နိုဝင်ဘာ ၆**

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံး ဗလာစာအုပ်နှင့် စာရေးကိရိယာများ (ဒုတိယအကြိမ်) ချီးမြှင့်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့် အောင်စိုးမိုး(၁)စစ်မှုထမ်းဟောင်းအိမ်ရာရှိ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများအား ထောက်ပံ့ပေးအပ်သည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီး၌လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းဝတ်စုံ၊ ကျောင်းသုံး ဗလာစာအုပ်များနှင့် စာရေးကိရိယာများ (ဒုတိယအကြိမ်) ထောက်ပံ့ပေးအပ်ပွဲများကို ကျင်းပပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲကို စတင်ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မိမိတို့အနေဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တောတောင်ရေမြေချင်း ထိစပ်နေပြီး နက်ရှိုင်းသည့်ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးထူထောင်ခဲ့ကြပါကြောင်း၊ နိုင်ငံရေးအရ ပြောင်းလဲဖြစ်ပေါ်မှုများ၊ စိန်ခေါ်မှုများကို နှစ်နိုင်ငံအကြား ခိုင်မြဲသည့် ဆက်ဆံရေးဖြင့် အတူတကွ လက်တွဲ ကျော်ဖြတ်နိုင်ခဲ့ကြပြီး ဆက်လက်၍လည်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့ကိုယ်စားလှယ်အဖွဲ့၏ ယခုခရီးစဉ်အတွင်း ဧည့်ဝတ်ကျေပွန်စွာ စီစဉ်ဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ခြင်း (၇၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် အကြိမ် (၂၀) မြောက် တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၏ တတိယအကြိမ် မျက်နှာစုံညီ အစည်းအဝေးတို့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် မိမိအနေဖြင့် ဝမ်းမြောက်စွာ ဂုဏ်ပြုပါကြောင်း၊ **ယနေ့တွေ့ဆုံမှု၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော်ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးနိုင်ကာ နှစ်နိုင်ငံအကြားသာမက ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့၌ ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက် သွားနိုင်မည်ဟု ယုံကြည်**ပါကြောင်း၊ တရုတ်နိုင်ငံ တည်ထောင်ခဲ့သည့် နှစ်ပေါင်း (၇၀)ကျော် ကာလအတွင်း၌လည်း တရုတ်တစ်နိုင်ငံတည်း မူဝါဒကို အောင်မြင်စွာ ကျင့်သုံးနိုင်ခဲ့ပြီး တရုတ်နိုင်ငံ အစိုးရအတွက် အလွန်အရေးကြီးသည့် မူဝါဒတစ်ရပ်ဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို အစဉ်အမြဲထောက်ခံနေမှုအား လေးနက်စွာထပ်လောင်း ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းအရှိန်ကြောင့် ထိခိုက်ပျက်စီးခဲ့ ရမှုများအတွက် တရုတ်အနေဖြင့် ကူညီထောက်ပံ့ပေးခဲ့မှုများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံအနက် တရုတ်နိုင်ငံသည် ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်၍ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းများနှင့် နိုင်ငံသားများ၏ လုံခြုံဘေးကင်းရေးကို အထူး အလေးထား ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် စီးပွားရေးနှင့် နည်းပညာ အကူအညီများ၊ ပူးပေါင်း ဆောင်ရွက်မှုများ၊ စွမ်းအင်ကဏ္ဍ လုံခြုံရေးအတွက် ဆက်လက် ဆွေးနွေးပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူဆယ် - မန္တလေး - ကျောက်ဖြူ ရထားလမ်းသစ် ဖောက်လုပ်ရေး စီမံကိန်းအား နယ်မြေဒေသအခြေအနေအရ စတင်ဖောက်လုပ်နိုင်မည့် နေရာများ၌ လုပ်ငန်းစတင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် မိမိကူမင်းမြို့သို့ ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေသည့် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ၊ ဆောင်ရွက်လိုသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ရာ စီးပွားရေးအရ တက်ကြွသည့်အမြင်များနှင့် ထက်သန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို တွေ့မြင်ခဲ့ရ**ကြောင်း၊ မြန်မာဘက်မှ လိုအပ်သော အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တရုတ် - မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအရ စီးပွားရေးစင်္ကြံ တည်ဆောက်မှု စီမံချက်အား မြန်မာဘက်မှ အလေးထား ဆောင်ရွက်နေကြောင်း ပြောကြားပြီး စိုက်ပျိုးရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကျေးလက်ဖွံ့ဖြိုးရေး ကဏ္ဍတို့တွင် လုပ်ဆောင်လိုသည့် အစီအမံများအား အသေးစိတ်ညှိနှိုင်း ပြောကြားသည်။

**ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်**

ဆက်လက်ပြီး ငြိမ်းချမ်းရေးကဏ္ဍနှင့်ပတ်သက်၍ မြန်မာ့တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်ကတည်းကစတင်ကာ အပစ်အခတ်ရပ်စဲရေးကို တစ်ဖက်သတ်ကြေညာခဲ့ပြီး ငြိမ်းချမ်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ အပစ်အခတ် ရပ်စဲရေး ကြေညာထားသည့် ကာလအတွင်း လက်နက်ကိုင်အဖွဲ့များက တိုက်ခိုက်မှသာ တပ်မတော်မှ တုံ့ပြန် တိုက်ခိုက်ခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ MNDAA ၊ TNLA နှင့် AA သောင်းကျန်းသူအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ ၂၀၂၂ ခုနှစ် ဧပြီလက ငြိမ်းချမ်းရေး ကမ်းလှမ်းချက်ကို ငြင်းပယ်ပြီး MNDAA အနေဖြင့် ၎င်းတို့၏ အထူးဒေသ(၁) ပြန်လည်အသက်သွင်းနိုင်ရေး ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နယ်စပ်ဒေသတွင်ရှိသည့် တပ်မတော်လုံခြုံရေး တပ်စခန်းများနှင့် ချင်းရွှေဟော်မြို့ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၌ အင်အားသုံး စတင်တိုက်ခိုက်ခဲ့ကြောင်း၊ တရုတ်အစိုးရ၏ကြားဝင်စေ့စပ်မှုဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိခဲ့သော်လည်း ၎င်းတို့အနေဖြင့် သဘောတူညီချက်ကို ချိုးဖောက်ကာ မြို့ရွာများကို ဆက်လက်တိုက်ပွဲဖော်ဆောင်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် **ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပါက မိမိတို့အနေဖြင့်**

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang တို့ တာဝန်ရှိသူများနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်လဲလှယ်ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**“ ယနေ့တွေ့ဆုံမှု၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့်ဆွေမျိုးပေါက်ဖော် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးနိုင်ကာ နှစ်နိုင်ငံအကြားသာမက ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့၌ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည် ”**

**“ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံအနက် တရုတ်နိုင်ငံသည် ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်၍ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းများနှင့် နိုင်ငံသားများ၏ လုံခြုံဘေးကင်းရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိ ”**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

**“ မြန်မာနိုင်ငံ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အပြည့်အဝ ထောက်ခံအားပေးကူညီသွားမည်ဖြစ်ပြီး အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် ထာဝရရပ်တည်သွားမည်ဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကို အကြမ်းဖက်သည့်နည်းဖြင့် ပြန်လည်မဖြေရှင်းဘဲ နိုင်ငံရေးအရ ဖြေရှင်းနိုင်ရေး ဖိတ်ခေါ် ဆောင်ရွက်ခဲ့မှုများကိုလည်း ချီးကျူးမိ ”**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang**

စာမျက်နှာ ၅ မှ

ငြိမ်းချမ်းရေး တံခါးကို အမြဲဖွင့်ထားပြီး ဆွေးနွေးရန်အသင့်ရှိပါကြောင်း၊ လက်နက်ကိုင်အကြမ်းဖက်သမားများအနေဖြင့် ဖြစ်လိုသည်ကို ရှေ့တန်းတင်မည့် အစားဖြစ်သင့်သည်ကို လုပ်ဆောင်ကြရန်လိုကြောင်း၊ MNDAA ၊ TNLA နှင့် AA အဖွဲ့သုံးဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးကို လိုလားကြောင်း ရှင်းလင်းပြတ်သားသည့် လုပ်ဆောင်ချက် ပြသလာမှသာလျှင် မိမိတို့အနေဖြင့် ဆွေးနွေးမှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသ တည်ငြိမ်ရေး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အရေးပါပြီး တည်ငြိမ်အေးချမ်းမှု ရှိမှသာလျှင် စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသရှိ လက်နက်ကိုင်များ၏ အထောက်အပံ့များ ဖြစ်သည့် တရားမဝင်လုပ်ငန်းများ၊ တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရှင်းလင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးသည်အရေးပါပြီး တရုတ် - မြန်မာ နှစ်နိုင်ငံအကြား ယွမ် - ကျပ် တိုက်ရိုက် ကုန်သွယ်မှုကိုလည်း ဖော်ဆောင်လျက် ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံအားပေး ကူညီသွားမည်ဖြစ်ပြီး အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် ထာဝရရပ်တည်သွားမည်ဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကို အကြမ်းဖက်သည့်နည်းဖြင့် ပြန်လည်မဖြေရှင်းဘဲ နိုင်ငံရေးအရ ဖြေရှင်းနိုင်ရေး ဖိတ်ခေါ် ဆောင်ရွက်ခဲ့မှုများကိုလည်း ချီးကျူးမိပါကြောင်း၊ **တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ဆန္ဒပြုကူညီနိုင်မည်ဖြစ်ကြောင်း၊** မြန်မာနိုင်ငံမြောက်ပိုင်း တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပြီး **တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုပါကြောင်းနှင့် တရုတ်နိုင်ငံအတွင်း အခြေပြု၍ မြန်မာနိုင်ငံ၏ အကျိုးကို ပျက်စီးအောင် ဆောင်ရွက်နေမှုများကို လက်သင့်ခံမည်မဟုတ်ကြောင်း၊** နှစ်နိုင်ငံနယ်စပ်ဂိတ်များသည် အစိုးရ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်ဖြစ်ပြီး အပြည့်အဝစီမံခန့်ခွဲနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တရုတ် - မြန်မာ ဆက်ဆံရေးနှင့် နိုင်ငံရေးအရ ယုံကြည်မှုများ ပိုမိုတိုးတက်လာစေရေး ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တရုတ် - မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးသည် ထိပ်တန်းစီမံကိန်းဖြစ်သဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ် - မြန်မာ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် လာမည့်သံတမန်ဆက်ဆံမှု ၇၅ နှစ် စိန်ရတုကာလမှစ၍ နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံ၏ အရေးသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအရေးပင်ဖြစ်သဖြင့် နိုင်ငံတကာမျက်နှာစာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ရပ်တည် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်လဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး ကူမင်းမြို့နှင့် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး မန္တလေးတို့အကြား မြေနေရာငှားရမ်းခြင်း စာချုပ်လဲလှယ်ခြင်း၊ သင်တန်းကျောင်းများ အဆင့်မြှင့်တင်ခြင်း စီမံကိန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် ဓာတုဆိုင်ရာ လိုအပ်ချက်များနှင့် အပင်ပိုးမွှား ရောဂါကင်းရှင်းရေးဆိုင်ရာ သဘောတူညီချက်၊ တိကျစွာတိုင်းတာခြင်း နည်းပညာပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်ရန်အတွက် နားလည်မှုစာချွန်လွှာ၊ တရုတ်နိုင်ငံ၏ စံချိန်စံညွှန်းသတ်မှတ်ရေးဆိုင်ရာ စီမံခန့်ခွဲရေးဌာန (SAC) နှင့် မြန်မာနိုင်ငံသုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန (DRI) တို့အကြား နားလည်မှုစာချွန်လွှာ၊ အားကစားကဏ္ဍမြှင့်တင်ရေး နားလည်မှုစာချွန်လွှာစသည်တို့အပါအဝင် နားလည်မှုစာချွန်လွှာနှင့်သဘောတူစာချုပ် ၇ ခုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့၏ ရှေ့မှောက်၌ နှစ်နိုင်ငံများမှ တာဝန်ရှိသူများက လဲလှယ်ကြသည်။




(၈) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး 8th Greater Mekong Subregion Economic Cooperation Program (GMS) Summit ကြိုဆိုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က ကြိုဆိုနှုတ်ဆက်စဉ်။

**“ နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အရေးပါပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသရှိ လက်နက်ကိုင်များ၏ အထောက်အပံ့များဖြစ်သည့် တရားမဝင်လုပ်ငန်းများ၊ တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရှင်းလင်း ဆောင်ရွက်ရမည်ဖြစ် ”**

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် ညပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Kunming Intercontinental ဟိုတယ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်မှ တည်ခင်းဧည့်ခံသည့် (၈) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး 8th Greater Mekong Subregion Economic Cooperation Program (GMS) Summit ကြိုဆိုညစာစားပွဲအခမ်းအနားသို့ ထိပ်သီးအစည်းအဝေးများ တက်ရောက်ကြမည့် နိုင်ငံများမှ အကြီးအကဲများနှင့်အတူ တက်ရောက်သည်။

**ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှအကြီးအကဲများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကြိုဆိုညစာစားပွဲကို ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ အကြီးအကဲများသည် ညစာကို အတူတကွ သုံးဆောင်ကြရာ တရုတ်ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အခြေခံမှသည် အဆင့်မြင့်ဒီဇိုင်းများအထိ ချုပ်လုပ်တတ်စေရန် ရည်ရွယ်၍ စက်ချုပ်သင်တန်းဖွင့်

**မကွေး နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်ဖွင့်လှစ်သည့် စက်ချုပ်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၅ ရက်က ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသူများ တက်ရောက်သည်။

ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးအတွက် နည်းပညာပံ့ပိုးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ လုပ်ငန်းမှတ်ပုံတင်ပေးခြင်း၊ ဓာတ်ခွဲစမ်းသပ်ပေးခြင်း၊ သုတေသနတီထွင်စမ်းသပ်ခြင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းကပေးလိုက်သည့် စက်ချုပ်နည်းပညာများကို လက်တွေ့အသုံးချကာ အခြေခံစက်ချုပ်နည်းပညာမှတစ်ဆင့် အဆင့်မြင့်စက်ချုပ်နည်းပညာများ၊ ဒီဇိုင်းပညာရပ်များ လေ့လာကြစေလိုကြောင်းနှင့် သင်တန်းပြီးဆုံးပါက ထူးချွန်သူ သုံးဦးကိုလည်း စက်ချုပ်စက်များချီးမြှင့်ကာ လုပ်ငန်းမှတ်ပုံတင်နိုင်သည်အထိ ဌာနမှဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် ဒီဇိုင်းပုံစံမျိုးစုံကို ကိုယ်တိုင်ချုပ်လုပ်လာနိုင်ရုံသာမက ပြင်ပမှ အပ်နှံသည့် အထည်များကို ချုပ်လုပ်ပေးနိုင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများ၌ ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ပြီး မိသားစုဝင်ငွေ တိုးပွားလာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိကြပြီး ကိုယ်ပိုင်လုပ်ငန်းဖြင့် အောင်မြင်သူများဖြစ်စေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က သင်တန်းဖွင့်လှစ်ပေးနေမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သင်တန်းနည်းပြများနှင့် သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းတွင် ပို့ချမည့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။ အဆိုပါ သင်တန်းကို သင်တန်းသူ ၂၀ အား နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ တစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ညီညာ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်မည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်ရောက်ရှိနေသည့် ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်မည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးအပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Hun Manet တို့ တွေ့ဆုံဆွေးနွေးစဉ်။

### တွေ့ဆုံဆွေးနွေး

ထိုသို့ တွေ့ဆုံဆွေးနွေးရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet နှင့်အဖွဲ့ဝင်များအား Green Lake ဟိုတယ်၌လည်းကောင်း၊ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone နှင့် အဖွဲ့ဝင်များအား HUALUXE Kunming ဟိုတယ်၌ လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် လက်ရှိပကတိအခြေအနေများ၊ လွတ်လပ်၍တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အာဆီယံအစည်းအဝေးများတွင် မြန်မာနိုင်ငံမှ ပါဝင်နိုင်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၌ဖြစ်ပေါ်နေသည့် အခြေအနေများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် လိုအပ်သည့် အခြေအနေများနှင့် ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့မှလည်း အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန် ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone တို့ တွေ့ဆုံဆွေးနွေးစဉ်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံတို့မှ ဝန်ကြီးချုပ်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား

❖ **နိုင်ငံအချင်းချင်း ဆက်ဆံရာတွင် သံတမန်ဆက်ဆံရေးသည် များစွာ အရေးပါသောကြောင့် ကောင်စစ်ဝန်ရုံးဝန်ထမ်းများအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံ့အကျိုးစီးပွားတိုးတက်လာစေရေး နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်**

**နေပြည်တော် နိုဝင်ဘာ ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကောင်စစ်ဝန်ချုပ် ဦးသွင်ထက်လင်းနှင့် ဝန်ထမ်းများက တာဝန်ထမ်းဆောင်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ ပညာတော်သင် သင်တန်းသားများက သင်တန်းတက်ရောက်မှုဆိုင်ရာများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးနှင့် အခြားသောအစည်းအဝေးများကို တက်ရောက်ရန် ရောက်ရှိနေစဉ်အတွင်း နိုင်ငံတော်၏ တာဝန်များကို ရေခြား၊ မြေခြား၌ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏ တာဝန်များကို အတူတကွ လာရောက်ထမ်းဆောင်နေကြခြင်းဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီစောင့်ရှောက်ကြရန်နှင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ပိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရသည့် နိုင်ငံ၏သမိုင်းကြောင်းနှင့် အလေ့အထများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ခြည်မပြတ်လေ့လာ၍ လိုအပ်သည်များကို သင်ခန်းစာယူကာ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း မည်ကဲ့သို့ဆောင်ရွက်နိုင်မည်ကို အဖြေရှာဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမောင်းနှင်အားသည် အဓိကကျသောကြောင့် နှစ်နိုင်ငံ အကျိုးတူ စီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းများ အခွင့်အလမ်းရရှိစေရေး သံတမန်ဆက်ဆံရေးမှ တစ်ဆင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ သံတမန်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ ပေါင်းသင်းဆက်ဆံမှုကောင်းခြင်းသည် လုပ်ငန်းတာဝန်များ ပိုမိုအဆင်ပြေချောမွေ့စွာအောင်မြင်နိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့်ပညာတော် သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသား၊ သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်စဉ်။

### နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်

နိုင်ငံအချင်းချင်း ဆက်ဆံရာတွင် သံတမန်ဆက်ဆံရေးသည် များစွာ အရေးပါသောကြောင့် ကောင်စစ်ဝန်ရုံး ဝန်ထမ်းများအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံ့အကျိုးစီးပွားတိုးတက်လာစေရေး နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ရာ၌ နိုင်ငံရေးနှင့်နိုင်ငံ့အရေးကို ကွဲပြားစွာ သိမြင်ကြရန်လိုပြီး မိမိတို့နိုင်ငံတော်၏အကျိုးကို တတ်စွမ်းသည့်အပိုင်းမှ ဖော်ဆောင်သွားကြရန်လိုကြောင်း၊ ထို့ပြင် ပညာတော်သင် စစ်ဘက်၊ အရပ်ဘက်မှ သင်တန်းသားများ အနေဖြင့်လည်း သင်ကြားပေးသည့် အတတ်ပညာများကို အလေးအနက်ထား သင်ယူသွားကြရန်လိုပြီး အမြဲမပြတ် လေ့လာအားထုတ်နေကြရမည်ဖြစ်ကြောင်း ဖြင့် မှာကြားပြီး နိုင်ငံတော်၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာမှုရှိစေရေးနှင့် စစ်မှန်ပြီး ရိုးသားသည့် ဒီမိုကရေစီစနစ် ဖြစ်စေရေးအတွက် ဆက်လက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် တရုတ်တစ်နိုင်ငံလုံးတွင် ပညာတော် သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသား၊ သင်တန်းသူများ အတွက် လက်ဆောင်ပစ္စည်းများ နှင့် ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်ရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)၊ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများ၊ သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် တာဝန်ရှိသူများ သည် ယနေ့ မွန်းလွဲပိုင်းတွင် ကရင် ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင် ငြိမ်းချမ်းရေး အဖွဲ့အစည်း များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖ များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာန ဆိုင်ရာများ၊ အလွှာပေါင်းစုံမှ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေး အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အလွှာပေါင်းစုံမှ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံပြောကြားစဉ်။

**အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရေး**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက် ရေးဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဖော်ဆောင်နေမှုနှင့် စပ်လျဉ်း ၍လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က လက်နက်ကိုင်ပဋိပက္ခ ဖြစ်စဉ်များကြောင့် ထိခိုက်ခံစားရမှုအခြေအနေ၊ အကြမ်းဖက် နှိမ်နင်းရေးလုပ်ငန်းစဉ်များတွင် ပြည်သူ ပူးပေါင်း ပါဝင်ဆောင်ရွက်စေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ပြောကြားကြ သည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က တိုင်းရင်း သားတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအမွေအနှစ် များ တိုးတက်ပြန့်ပွားရေးဆိုင်ရာများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိ သည့် အခြေအနေနှင့် စပ်လျဉ်း၍လည်း ကောင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်ဖွံ့ဖြိုးတိုးတက် ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုး မွေးမြူရေးကဏ္ဍ ဖော်ဆောင်နေမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့နှင့် စပ်လျဉ်း ၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြ သည်။

**ပြန်လည်ရှင်းလင်း**

ယင်းနောက် တက်ရောက်လာကြ သော ဖိတ်ကြားထားသည့် အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများက ငြိမ်းချမ်း ရေးဆိုင်ရာများ၊ ရွေးကောက်ပွဲဆိုင်ရာများ နှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေး တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ က ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြား ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေး အဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများ သည် ပြည်နယ်မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ထောက်ပံ့ငွေ များ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာ ကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူ များကိုရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက် ၍ အားပေးစကားများ ပြောကြားကြ ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် အသင်းလိုက်အားကစားနည်းများအတွက် ပွဲစဉ်ဇယားကြိုတင်ရေးဆွဲနိုင်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေး ဦးစီးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် ၂၃ နည်းမှ အသင်းလိုက် အားကစားနည်းများ ဖြစ်သည့် ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော် ခြင်း၊ ကြက်တောင်၊ ရိုးရာခြင်းလုံး၊ စားပွဲတင်တင်းနစ်၊ တင်းနစ်နှင့် ခရစ်ကက် အားကစားနည်း ၁၀ နည်းနှင့်ပတ်သက်၍ ပြိုင်ပွဲပွဲစဉ် ဇယား ကြိုတင်ရေးဆွဲနိုင်ရေး အတွက် အုပ်စုမဲနှိုက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း အစည်း အဝေးခန်းမ၌ ကျင်းပသည်။

**မျိုးဆက်သစ်များပေါ်ထွက်ရေး**

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ် ဆပ်ကော်မတီဥက္ကဋ္ဌ အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ယခုကျင်းပမည့် အမျိုးသား အားကစားပွဲတော်သည် ၁၀ နှစ် ကျော်ကြာမှ ပြန်လည်ကျင်းပ သည့် အမျိုးသားအားကစား ပွဲတော်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမို တိုးတက် မြင့်မားလာစေရေး၊ လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲနှင့် အခြားနိုင်ငံတကာအား ကစားပြိုင်ပွဲများတွင် ပါဝင် ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိ စေရေး၊ နိုင်ငံ့ဂုဏ်ဆောင်နိုင် မည့် အဆင့်မီ အားကစားသမားများ နှင့်အလားအလာရှိသော လူငယ် မျိုးဆက်သစ် အားကစားသမား များ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမို တိုးမြှင့် ဆောင်ရွက်လာနိုင်စေ ရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စား လာပြီး အားကစားလှုပ်ရှားမှုများ တွင် ပါဝင်လှုပ်ရှားကစားလာစေ ရေးစသည့် ဦးတည်ချက် ၅ ချက် ဖြင့် ယခု အမျိုးသားအားကစား ပွဲတော်ကို ကျင်းပပေးရခြင်းဖြစ် ကြောင်း၊ ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် အားကစားနည်း ၂၃ နည်း နှင့် မသန်စွမ်းအားကစားနည်း လေးနည်းတို့ဖြင့် ကျင်းပသွားမည် ဖြစ်ကြောင်း၊ ပြိုင်ပွဲယှဉ်ပြိုင် ကစားရာတွင် တရားမျှတမှုရှိစေ ရေး၊ ပြိုင်ပွဲဝင်အသင်းများအနေ ဖြင့် တည်းခိုနေထိုင်၊ သွားလာ၊ စားသောက်မှုနှင့် လေ့ကျင့်မှုများ တွင် သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းများအတိုင်း လိုက်နာစေရေး ကြပ်မတ် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။




၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားနည်း ၁၀ နည်းအတွက် အုပ်စုမဲနှိုက် ခြင်းများ ဆောင်ရွက်စဉ်။

**အုပ်စုမဲနှိုက်**

ဆက်လက်ပြီး ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီအတွင်း ရေးမှူး အသင်းလိုက်အားကစား နည်းများဖြစ်သည့် ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ဘတ် စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ ရိုးရာခြင်းလုံး၊ စားပွဲတင်တင်းနစ်၊ တင်းနစ်နှင့် ခရစ်ကက် အားကစားနည်း ၁၀ နည်းတို့၏ အုပ်စုမဲနှိုက်ခြင်းများကို ဆောင်ရွက်သည်။

အဆိုပါ အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိ သူများ၊ သက်ဆိုင်ရာအားကစား အဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တာဝန်ခံ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

❒ *ကျော့ဖုံးမှ*

ဖြစ်သည့် ၁၁၊ ၁၈၊ ၁၅ ရက်တို့တွင် လည်း ကောင်း ပြေးဆွဲရန် မြန်မာအမျိုးသား လေကြောင်းလိုင်းမှ စီစဉ်ထားရှိကြောင်း သိရ သည်။

ရန်ကုန်-ပုသိမ် ခရီးစဉ်သည် ရန်ကုန်မှ နံနက် ၁၁ နာရီခွဲတွင် ထွက်ခွာ၍ ပုသိမ်သို့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ရန်ကုန် – ညောင်ဦး ခရီးစဉ်သည် ရန်ကုန်မှ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ ညောင်ဦးသို့ နံနက် ၇ နာရီ ၃၅ မိနစ်တွင်လည်း ကောင်း၊ ညောင်ဦး – ရန်ကုန်ခရီးစဉ်သည် ညောင်ဦးမှ ညနေ ၅ နာရီတွင် ထွက်ခွာ၍ ရန်ကုန်သို့ ည ၇ နာရီတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာအမျိုးသား လေကြောင်းလိုင်းမှ သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ခရီးစဉ်များအတွက် လေယာဉ်လက်မှတ် ဈေးနှုန်းများကို ရန်ကုန်-ပုသိမ်ခရီးစဉ် အသွား တစ်ကြောင်းစာ ငွေကျပ် ၁၆၀၀၀၀ ၊ ရန်ကုန်- ညောင်ဦး ခရီးစဉ် အသွားတစ်ကြောင်းစာ ငွေကျပ် ၂၈၀၀၀၀ နှင့် ညောင်ဦး – ရန်ကုန် ခရီးစဉ် အသွားတစ်ကြောင်းစာ ငွေကျပ် ၂၇၀၀၀၀ သတ်မှတ်ထားပြီး ခရီးစဉ်ကို ATR 72-600 လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲမည်ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်း အမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်း ပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အိန္ဒိယနိုင်ငံမှ သတင်းသုံးသပ်သူ Mr. Atul Aneja အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် အိန္ဒိယနိုင်ငံမှ သတင်းသုံးသပ်သူ Mr. Atul Aneja အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပကတိဖြစ်ရပ်မှန်သတင်းများ ထုတ်ပြန်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံစလုံးသည် အနောက်အုပ်စုလွှမ်းမိုးထားသော ခေတ်သစ်ကမ္ဘာကြီး၏ မီဒီယာသားကောင် ဖြစ်နေရသည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား မီဒီယာကဏ္ဍသာမက ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၆**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ် တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ခတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လိုင်စင်နှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ခတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်သည့်အမိန့်ကို (၂၅-၁၀-၂၀၂၄) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၀၃၈/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပြီး အဆိုပါအမိန့်ကြော်ငြာစာအရ ခတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် လုပ်ငန်းလိုင်စင်လျှောက်ထားရယူရန်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ နှင့်အညီ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း (၃၀-၁၀-၂၀၂၄) ရက်နေ့တွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

(၂၅-၁၀-၂၀၂၄)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၀၅၅/၂၀၂၄ နှင့်အညီ ခတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင် လျှောက်ထားရယူမည့် လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီများအနေဖြင့် ခတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်ပါ သတ်မှတ်လျှောက်လွှာပုံစံများအတိုင်း လုပ်ငန်းလိုင်စင်လျှောက်ထားမှုကို သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ကနဦးစိစစ်ရေးအဖွဲ့ အတွင်းရေးမှူးရုံးများဖြစ်သော အောက်ဖော်ပြပါ ရုံးလိပ်စာများတွင် (၁၈-၁၁-၂၀၂၄)ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) ပြည်ထောင်စုနယ်မြေ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ပျဉ်းမနား/ရမည်းသင်းသတ္တုတွင်းစီမံကိန်းရုံး၊ ပျဉ်းမနားမြို့၊
(၂) ကချင်ပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန၊ မြစ်ကြီးနားမြို့၊
(၃) ကယားပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန၊ လွိုင်ကော်မြို့၊
(၄) ကရင်ပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန၊ ဖားအံမြို့၊
(၅) ချင်းပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန၊ ဟားခါးမြို့၊
(၆) စစ်ကိုင်းတိုင်းဒေသကြီး၊ သတ္တုတွင်းဦးစီးဌာန၊ မုံရွာမြို့၊
(၇) တနင်္သာရီတိုင်းဒေသကြီး၊ သတ္တုတွင်းဦးစီးဌာန၊ ထားဝယ်မြို့၊
(၈) ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းစီမံကိန်းရုံး၊ ပဲခူးမြို့၊
(၉) မကွေးတိုင်းဒေသကြီး၊ သတ္တုတွင်းဦးစီးဌာန၊ မကွေးမြို့၊
(၁၀) မန္တလေးတိုင်းဒေသကြီး၊ သတ္တုတွင်းဦးစီးဌာန၊ မန္တလေးမြို့၊
(၁၁) မွန်ပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းရုံး၊ မော်လမြိုင်မြို့၊
(၁၂) ရခိုင်ပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းရုံး၊ စစ်တွေမြို့၊
(၁၃) ရန်ကုန်တိုင်းဒေသကြီး၊ သတ္တုတွင်းဦးစီးဌာန၊ ရန်ကုန်မြို့၊
(၁၄) ရှမ်းပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန၊ တောင်ကြီးမြို့၊
(၁၅) ဧရာဝတီတိုင်းဒေသကြီး၊ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းရုံး၊ ပုသိမ်မြို့၊

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# မကွေးတိုင်းဒေသကြီး၏ လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၆**





စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန၏ ဝါကြိတ်စက်ရုံသို့ ရောက်ရှိပြီး အရည်အသွေးကောင်းဂွမ်းမွေးများရရှိရန်အတွက် ဝါဝယ်ယူချိန်တွင် Grade ခွဲခြားပေးသွင်းရေး တောင်သူများအား အသိပညာပေး ဆွေးနွေးပေးရန်နှင့် Grade အလိုက် မျှတသောဈေးနှုန်းဖြစ်စေရေး ထိန်းကျောင်းပေးရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ရေတွင်းကောင်းကျေးရွာအုပ်စုတွင် စိုက်ပျိုးထားသော ရွှေတောင် (၁၀) ချည်မျှင်ရှည်ဝါစိုက်ခင်းကို ကြည့်ရှုအားပေးပြီး ဒေသခံဝါစိုက်တောင်သူများနှင့်တွေ့ဆုံ၍ အရည်အသွေးကောင်း ချည်မျှင်ရှည်ဝါမျိုးများ တိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးမြေပိုင်ဆိုင်ခွင့်လုပ်ကိုင်ခွင့်ကို တည်ဆဲလယ်ယာမြေ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့နယ် ပေပင်စမ်းကျေးရွာ အုပ်စုမှ တောင်သူများ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများ၏ စိုက်ပျိုးလုပ်ကိုင်မှု သီးနှံအထွက်နှုန်းနှင့် ဝင်ငွေအခြေအနေများကို ခင်မင်ရင်းနှီးစွာ မေးမြန်းပြီး တစ်နှစ်ပတ်လုံး စိုက်ပျိုးရေသေချာစေရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြေအောက်ရေ တူးဖော်အသုံးပြုလိုပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက နည်းပညာနှင့် လုပ်အားကို အခမဲ့ ကူညီပံ့ပိုးပေးသွားမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများအား တွေ့ဆုံ၍ မကွေးတိုင်းဒေသကြီး၏ လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ စားရေရိက္ခာ ဖူလုံမှုဆိုင်ရာ စီမံဆောင်ရွက်မှုအတွက် ခိုင်မာစွာ အထောက်အကူဖြစ်စေမည့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ကိန်းဂဏန်း စာရင်းဇယားများ တိကျမှန်ကန်ရေး၊ သီးနှံကုန်စည်စီးဆင်းမှု အခြေအနေများအရ ဒေသဝမ်းစာဖူလုံမှု၊ ဒေသတွင်းနှင့် အိမ်နီးချင်းဈေးကွက်များသို့ တင်ပို့ရောင်းချမှုတို့အပေါ် သုံးသပ်ပြီး ဘဏ္ဍာနှစ်အလိုက် စီမံဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ဓနုဖြူမြို့နယ်၌ လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ဓနုဖြူ နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ထီကွေ့ကျေးရွာ ငွေတိုးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်သောလုပ်ငန်းများကို နိုဝင်ဘာ ၅ ရက် က သမဝါယမ ညွှန်ကြားရေးမှူးချုပ်ရုံး(နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းအေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အိအိမွန်က နိုင်ငံတော်ကပံ့ပိုးပေးသော ကျပ် ၁၁၂သိန်းဖြင့် အသင်းသားများ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ညွှန်ကြားရေးမှူး ဦးမျိုးအောင်က အသင်းသားများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး အသင်းသား ဦးမောင်ဝင်း၏ ဝက်မွေးမြူရေးခြံသို့ သွားရောက်ကာ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# Asia Buddhist Summit 2024 အစည်းအဝေးသို့ သီတဂူအဓိပတိဆရာတော်ကြီး တက်ရောက်

**နယူးဒေလီ နိုဝင်ဘာ ၆**

International Buddhist Confederation ၏ ဖိတ်ကြားချက်အရ အဘိဓဇ မဟာရဋ္ဌဂုရု သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူအဓိပတိ ဆရာတော်ကြီးသည် ဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာအနှံ့ပြန့်ပွားစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ အသောက ဟိုတယ်၌ကျင်းပသော ပထမအကြိမ် Asia Buddhist Summit 2024 သို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ အိန္ဒိယနိုင်ငံသမ္မတ ယဉ်ကျေးမှုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးနှင့် နိုင်ငံပေါင်း ၃၀ ကျော်မှ ဖိတ်ကြားထားသော ဘာသာရေးခေါင်းဆောင်များ၊ ပါမောက္ခများ၊ ပညာရှင်များ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ သီတဂူအဓိပတိဆရာတော်ကြီးက ဘုရားပန်းကပ်ခြင်း၊ ဆီမီးထွန်းခြင်းများပြုလုပ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆရာတော်ကြီးက Recognition of Pali as a Classical Indian Language အကြောင်း မိန့်ခွန်းပြောကြားပြီး ညနေပိုင်းတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

**ဓာတ်ပုံ – Sitagu Aung Than Win.**






# မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ (၂) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။





ဦးစွာ "မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်တည်မည်–MDD" မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံရှိ ပုဂ္ဂလိကမီဒီယာကဏ္ဍ ရှင်သန်တိုးတက်ပြီး နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် စတုတ္ထမဏ္ဍိုင်ပီသစွာ အထောက်အကူပြုပေးနိုင်ရန် ရည်ရွယ်ချက်ကောင်းများနှင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

မီဒီယာသည် အလွန်ဩဇာကြီးမားသည့်အလျောက် ယနေ့ကမ္ဘာ့နိုင်ငံများ၏ နေ့စဉ်လူနေမှုဘဝကိုပင် ပုံဖော်နေသည်ကို တွေ့မြင်ရမည် ဖြစ်ပါကြောင်း၊ လူသားတို့၏ နေ့စဉ်ဘဝတွင် စားဝတ်နေရေးအပြင် သတင်းအချက်အလက် ရရှိရေးသည် လိုအပ်ချက်တစ်ခု ဖြစ်လာပါကြောင်း၊ ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်ပလက်ဖောင်းကို အသုံးပြုပြီး သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိသည့်အတွက် နိုင်ငံတော်နှင့် ပြည်သူများအကျိုးကို ရှေးရှုကာ ဝိုင်းဝန်းထိန်းသိမ်းပေးရန်နှင့် သတင်းမှန်များ ဖြန့်ချိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ပြည်တွင်း မိတ်ဖက် အဖွဲ့အစည်းများနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးများ ဆောင်ရွက်နေသကဲ့သို့ ဒေသတွင်း မိတ်ဖက်နိုင်ငံများအထိ မိမိနိုင်ငံ၏ ပကတိအခြေအနေနှင့် သတင်းအချက်အလက်များကို ရှင်းလင်းတင်ပြနေသည်ကို တွေ့မြင်ရပါကြောင်း၊ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရင်း (၂)နှစ်ပြည့်မှသည် နောင်နှစ်ပေါင်းများစွာအထိ ဆက်လက်ချီတက်လျှောက်လှမ်းရင်း မိမိတို့ဌာန၏ ပုံရိပ်ကို အကောင်းဆုံးမြှင့်တင်ပေးနိုင်ကြရန် ဆုမွန်ကောင်းတောင်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်းအားကစားသမားများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် "စွဲမက်ဖွယ်ရာ ပြည်မြန်မာ" Short Video ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် ဦးစီးအရာရှိနှင့် ဌာန Logo တံဆိပ်တီထွင်ဖန်တီးပေးခဲ့သည့် ညွှန်ကြားရေးမှူးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာတင်က ဝန်ထမ်းများကို စားသုံးဆီတစ်ပိဿာစီ ထောက်ပံ့ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် တက်ရောက်လာကြသူများနှင့် နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

**သတင်းစဉ်**

# လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်းမှ နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထား

**ကြံခင်း နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကဇင်းကြီးကျေးရွာ ရွှေကကြိုး စိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လူမှုစီးပွားမြှင့်တင်ရေး စီမံကိန်းလုပ်ငန်း (Pilot Project)ဖြင့် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများကို နိုဝင်ဘာ ၄ ရက်က သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး (နေပြည်တော်)မှ ဦးမျိုးအောင် (ညွှန်ကြားရေးမှူး)နှင့် ဒေါ်ဝင်းဝင်းအေး (ညွှန်ကြားရေးမှူး) ဦးဆောင်သော တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာနှင့် ရွှေကကြိုး စိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်စိုးတို့က နွားများမွေးမြူထားရှိမှုအခြေအနေနှင့် အသင်းမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့်အဖွဲ့သည် တောင်သူများနှင့် တွေ့ဆုံ၍ လူမှုစီးပွားဘဝများ ယခင်ကထက် ပိုမိုတိုးတက် ဖွံ့ဖြိုးလာစေရန်အတွက် အကြံဉာဏ်များပေးဝေခြင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဓနုဖြူမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

**ဓနုဖြူ နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ငါးဘတ်အိုင် ခေတ်မီစံပြကျေးရွာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၅ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ထွန်းက ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့်ပတ်သက်၍ သဘာဝတရားကြောင့်ဖြစ်စေ၊ လူသားများ၏ လုပ်ဆောင်ချက်များကြောင့်ဖြစ်စေ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်စေသော ညစ်ညမ်းမှုအမျိုးအစား ခုနစ်မျိုးအပါအဝင်၊ ပလတ်စတစ်ညစ်ညမ်းမှုကို ဖြေရှင်းနိုင်သည့်နည်းလမ်းများ၊ လျှော့ချနိုင်ရန် နည်းလမ်းကိုးခုနှင့် ကြွပ်ကြွပ်အိတ်လျှော့ချနိုင်မည့် နည်းလမ်းများကို "ပတ်ဝန်းကျင်တစ်ခွင် လှပဖို့ ပလတ်စတစ်ကို ငြင်းပယ်စို့" ဆောင်ပုဒ်အတိုင်း ကျေးရွာသူကျေးရွာသားများအား အသိပညာပေး ဆွေးနွေးဟောပြောသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# စွမ်းအင် အကျိုးရှိထိရောက်စွာ သုံးစွဲရေးလုပ်ငန်းများ မြန်မာတစ်နိုင်ငံလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်



နေပြည်တော် နိုဝင်ဘာ ၆

**စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲရေးနှင့်စက်မှုလုပ်ငန်းနှင့်စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။**

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းနှင့် မြန်မာနိုင်ငံ ပြန်ပြည့်မြဲစွမ်းအင်အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက စွမ်းအင် အကျိုးရှိထိရောက်စွာ သုံးစွဲရေးလုပ်ငန်းများကို မြန်မာတစ်နိုင်ငံလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေး ဥပဒေမူကြမ်းကို ရေးဆွဲ၍ ဥပဒေမူကြမ်းတွင် စက်မှုကဏ္ဍ၊ အဆောက်အဦ ကဏ္ဍ၊ စွမ်းအင်အသုံးပြု စက်ပစ္စည်းကိရိယာများကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍစသည့် ကဏ္ဍ (၄)ရပ်၌ စွမ်းအင်အကျိုးရှိစွာ သုံးစွဲရေး နည်းပညာများကို ပိုမိုအသုံးချ ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် ဥပဒေမူကြမ်း ရေးဆွဲခဲ့မှု၊ ပြဋ္ဌာန်းထားသည့် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အခြေအနေ၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲရေးနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုနှင့် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေး ရေးဆွဲခဲ့သည့် ဥပဒေမူကြမ်းပါ အချက်အလက်များနှင့် ပါဝင်သင့်သည့် အချက်များ၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မိတ္ထီလာ - တောင်ကြီး လမ်းပိုင်းရှိ သဘာဝဘေးကြောင့် ပျက်စီးသွားသည့် လမ်း၊ တံတားများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အခိုင်အမာတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့တွင် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး (လမ်းဟောင်း)၏ တပ်ကုန်း - ရမည်းသင်းလမ်းပိုင်း ပြုပြင်ထိန်းသိမ်းထားမှုနှင့် ပျော်ဘွယ်-ဘုရားငါးဆူလမ်းအပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းပိုင်းသည် ကုန်စည်စီးဆင်းမှုနှင့် လမ်းပန်းဆက်သွယ်ရေးတွင် အရေးပါသော လမ်းတစ်လမ်းဖြစ်၍ သဘာဝဘေးကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများ ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင် အမြန်ဆုံး ပြင်ဆင်သွားရန်လိုပါကြောင်း၊ လမ်းတစ်လျှောက် လမ်းအင်္ဂါရပ်နှင့်အညီ ပြုပြင်ရန်လိုအပ်ပါကြောင်း၊ ရေတိုက်စား၍ ပျက်စီးသည့်နေရာများတွင် ကျောက်ကြီးစီ မြေထိန်းနံရံများ စနစ်တကျ ထည့်သွင်းဆောင်ရွက်ပေးရန်နှင့် လမ်းဘေးဝဲ/ယာတွင် ရေစီးရေလာ ကောင်းမွန်စေရန် ရေမြောင်းများ၊ ချုံနွယ်များ ရှင်းလင်းပေးရန် မှာကြားသည်။

ထို့နောက် မိတ္ထီလာ - တောင်ကြီးလမ်းပိုင်း မိုင်တိုင်အမှတ် (၄၇/၂)တွင် ရေတိုက်စား၍ ပျက်စီးသွားသည့် နေရာကို Retaining Wall ဖြင့် လုပ်ငန်းအဆင့်ဆင့် ပြုပြင်ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ် (၆၂/၃) တွင် Retaining Wall တည်ဆောက်ပြီးစီးမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး နှစ်စဉ်ရေတိုက်စားသည့် နေရာများနှင့် လမ်းသားပျက်စီးမှုများပြားသည့် နေရာများ၌ လမ်းလွှဲဖောက်လုပ်နိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာ-တောင်ကြီးလမ်းပိုင်းတွင် ယာဉ်ကြောကျပ်တည်းမှု မဖြစ်စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ရွှေညောင်မြို့အနီးရှိ လမ်းအသုံးပြုခ ကောက်ခံသည့် Toll Plaza တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိသည့် အစီအမံ (Action Plan) များအား သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ရာ Action Plan ပါ ဆောင်ရွက်ရန် ကျန်ရှိသည့် အချက်များအနက် ရလဒ်ကောင်းများအနေဖြင့် ၂၀၂၁ ခုနှစ်တွင် လက်ငင်းရလဒ် နှစ်ခု၊ ၂၀၂၂ ခုနှစ်တွင် လက်ငင်းရလဒ် တစ်ခု၊ ၂၀၂၃ ခုနှစ်တွင် လက်ငင်းရလဒ် တစ်ခုနှင့် ၂၀၂၄ ခုနှစ်တွင် လက်ငင်းရလဒ်လေးခုတို့သည် ကြီးမားစွာ လိုက်နာဆောင်ရွက်ခြင်း (Largely Addressed) အဆင့်သို့ တိုးမြှင့်ရရှိခဲ့ပါကြောင်း။

အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အစီအမံ (Action Plan) (၁၅) ချက်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် (၇) ချက်သာကျန်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ တိုးတက်ဆောင်ရွက်မှုများကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် FATF မျက်နှာစုံညီ အစည်းအဝေးအပြီး ထုတ်ပြန်ချက် (Statement)၌ မြန်မာနိုင်ငံသည် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံပြုချက်ယခင် (၈) ချက်ရှိရာမှ (၆)ချက်သာကျန်ရှိခဲ့ပြီး အလေးထားစိစစ်မှုများ တိုးမြှင့်ဆောင်ရွက်ရန် (Enhanced Due Diligence) စာရင်းတွင်သာ ဆက်လက်ထားရှိခဲ့ပါကြောင်း၊ ဆက်လက်အကောင်အထည်ဖော်ရန် ကျန်ရှိသည့် အချက်များကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ဆက်စပ်အဖွဲ့အစည်းများဖြစ်သည့် ကြီးကြပ်ရေးအာဏာပိုင်များနှင့် သတင်းပို့အဖွဲ့အစည်းများက တာဝန်ခံဌာနများအဖြစ် သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် Timeline များ ချမှတ်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။



အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ သတ်မှတ်ကောက်ကွက်များတွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၆**

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရှမ်းပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ယမန်နေ့က ကျိုင်းတုံမြို့ရှိ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပြီးခဲ့သည့် အောက်တိုဘာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အောင်မြင်စွာကောက်ယူဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးအခြေအနေအရ ကောက်ယူရန်ကျန်ရှိသည့်နယ်မြေဒေသအချို့ကို သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆက်လက်ကောက်ယူလျက်ရှိပါကြောင်း။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အနေဖြင့် သတ်မှတ်ကောက်ကွက်များတွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး အထူးဒေသများတွင် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလုပ်ငန်းစဉ်အားလုံးသည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သတ်မှတ်ကာလများအတွင်း ပြီးစီးအောင်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည်နှင့်အညီ အမျိုးသားရေးတာဝန်များအဖြစ် ခံယူကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူဆောင်ရွက်မှု၊ ကောက်ယူရရှိသည့်အချက်အလက်များကို e-ID Server အတွင်း စိစစ်ဖြည့်သွင်းဆောင်ရွက်မှု၊ ပန်းခင်းစီမံချက်ဆောင်ရွက်ပြီးစီးမှု၊ ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုနှင့် ကောက်ယူရန်ကျန်ရှိသည့်ဒေသများ၌ ဆက်လက်ကောက်ယူဆောင်ရွက်နေမှု၊ မဲစာရင်းပြုစုနိုင်ရေးအတွက် အတည်ပြုမှုကြမ်းများပြုစုပေးပို့မှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။




တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသောဒေသများအတွက် ရုရှား - မြန်မာ စီးပွားရေးကောင်စီ (Russian-Myanmar Business Council-RMBC) မှ အမေရိကန်ဒေါ်လာ ၅၀၀၀ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၆**

ရာဂီတိုင်ဖွန်းမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ရေဘေးဒဏ်ခံစားရသောဒေသများအတွက် ရုရှား-မြန်မာ စီးပွားရေးကောင်စီ (Russian-Myanmar Business Council-RMBC)မှလှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၀၀၀ ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့် အသင်းဝင်များက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် **“Amplifying the leadership of persons with disabilities for an inclusive and sustainable future”**ကို **“အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး”** ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ၊
(ခ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊
(ဂ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊
(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊
(င) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊
(စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက် ( ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူနေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏အဓိပ္ပာယ်)
(ဆ) မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ SDGs နှင့် ချိတ်ဆက်နေကြောင်း ရှင်းလင်းတင်ပြချက်၊
(ဇ) အကြံပြုချက်များ၊
(ဈ) သတ်မှတ်ချက် - ပြိုင်ပွဲဝင်ဆောင်းပါးသည်ကွန်ပျူတာဖြင့်ဆိုပါက Pyidaungsu Font 13 ဖြင့် A4 (၄) မျက်နှာထက် မပိုစေရ၊ လက်ရေးစာမူဖြစ်ပါက A4 (၆) မျက်နှာထက် မပိုစေရ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၁၄.၁၁.၂၀၂၄)ရက်၊ ကြာသပတေးနေ့၊ ညနေ(၁၆:၀၀) နာရီအထိ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို ဆောင်းပါး(စာမူ)စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ အသိပညာပေး

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အထက (၂)၌ နိုဝင်ဘာ ၅ ရက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောသည်။

ဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းစုက ပတ်ဝန်းကျင်သာယာလှပဖို့ စွန့်ပစ်ပလတ်စတစ်များ လျှော့ချကြပါစို့ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး ဒုတိယလက်ထောက်ဦးစီးမှူး ဦးအောင်စည်သူက သန္တာကျောက်တန်းများအကြောင်းသိကောင်းစရာခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၀၀ အား အသိပညာပေးဟောပြောသည်။

ထို့နောက် ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့နှင့် ရေချွေတာသုံးစွဲရေးနှင့် တောင်ယာခုတ်ထွင် မီးရှို့မှုများ မပြုလုပ်ရေးအကြောင်းအရာများဖြင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အေးမဋ္ဌု



# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် Naypyitaw State Academy ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၆**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy သို့ရောက်ရှိပြီး မြေယာရှုခင်းအလှဆောင်ရွက်နေမှုနှင့် ဆေးပညာ Foundation Course ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ ဓာတ်ခွဲခန်းကို ကြည့်ရှုသည်။

ထို့နောက် ခြောက်ထပ်စာသင်ဆောင်သစ်သို့ရောက်ရှိပြီး နိုဝင်ဘာ ၂၁ ရက် ကျောင်းဖွင့်အမီ သင်ကြားရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ပင်မဆောင်စာသင်ခန်းများတွင် ဆရာ ဆရာမများနှင့် စီမံဝန်ထမ်းများအား အင်္ဂလိပ်စာ အရည်အသွေးမြှင့်တင်ရေးသင်တန်း ဖွင့်လှစ်ပို့ချနေမှုများကို လေ့လာကြည့်ရှုကာ (ယာပုံ) လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်






(၇၇)နှစ်မြောက် ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁)တပ်မတော်ထောက်ပံ့နှင့်ပို့ဆောင်ရေးကျောင်း (တောင်ငူ)မှ အရာရှိ၊ စစ်သည်၊ ရဲမေ၊ သင်တန်းသား ၁၂၉ ဦးတို့သည် နိုဝင်ဘာ ၆ ရက်က အမှတ်(၃)စစ်မြေပြင်ဆေးတပ်ရင်း၌ (ဆဋ္ဌမ)အကြိမ်မြောက် ဒါနဥပပါရမီ ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းခဲ့ပြီး ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး အောင်ကျော်ဦးက (၈၄) ကြိမ်မြောက် သွေးလှူဒါန်းစဉ်။ သတင်းစဉ်

# အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ရှိ ကျန်းမာရေးဝန်ထမ်းများ ရေဘေးသင့်ဒေသများရှိ ပြည်သူများကို ဆေးကုသပေး

**နေပြည်တော် နိုဝင်ဘာ ၆**

အလုပ်သမား ဝန်ကြီးဌာန၏ ကြီးကြပ်စီမံမှုဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ရှိ ဆရာဝန်၊ သူနာပြုများက ရေဘေးဒဏ်ခံခဲ့ရသော ဇေယျာသီရိမြို့နယ် ချောင်းကမ်းကြီးကျေးရွာမှ နှာစေးချောင်းဆိုး၊ ဖျားနာ၊ ဝမ်းရောဂါ၊ ပါးအကျိတ်ရောင်ရောဂါနှင့် အထွေထွေအားနည်းရောဂါလူနာ ကျား ၂၃ ၊ မ ၃၄ ဦး၊ စုစုပေါင်း ၅၇ ဦးတို့ကို နိုဝင်ဘာ ၅ ရက်တွင် စတုတ္ထအကြိမ် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလုပ်သမား ဝန်ကြီးဌာန လူမှုဖူလုံရေး အဖွဲ့အနေဖြင့် အကျုံးဝင်အာမခံ အလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့်အပြင် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း အခါအားလျော်စွာ စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



◆ *ကျောဖုံးမှ*

မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း ယနေ့ မွန်းလွဲမှ နိုဝင်ဘာ ၈ ရက်အတွင်း ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

● *ကျောဖုံးမှ*

ရီးရဲမက်ဒရစ် အသင်းသည် ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေးများကို ဖြုန်းတီးပစ်ခဲ့သည့်အတွက် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ပွဲချိန် ၁၂ မိနစ်တွင် အေစီမီလန်အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး သောက သွင်းယူပေးခဲ့သည်။ ထို့နောက် ရီးရဲမက်ဒရစ်အသင်းက ပွဲချိန် ၂၃ မိနစ်တွင် ပယ်နယ်တီ ကန်သွင်းခွင့်ရရှိခဲ့ရာ အသင်းတောင်ပံတိုက်စစ် ကစားသမား ဗင်နီစီးယပ်စ်က အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည့်အတွက် ချေပဂိုးရရှိခဲ့သည်။

အေစီမီလန်အသင်းအတွက် ဒုတိယဂိုးနှင့် တတိယဂိုးကို ပွဲချိန် ၃၉ မိနစ်နှင့် ၇၃ မိနစ်တွင် မိုရာတာနှင့် ရေဂျီဒါတို့က သွင်းယူပေးခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် (၄) မှ အခြားသော ပွဲစဉ်ရလဒ်များတွင် ပီအက်စ်ဗွီက ဂျီရိုနာကို လေးဂိုး–ဂိုးမရှိ၊ ဒိုင်နမိုဇာဂရက်က စလိုဗန်ကို လေးဂိုး – တစ်ဂိုး၊ မိုနာကိုက ဘိုလော့ဂ်နာကို တစ်ဂိုး – ဂိုးမရှိ၊ ဒေါ့မွန်က စတန်းကို တစ်ဂိုး – ဂိုးမရှိ၊ ဆဲလ်တစ်က လိုက်ပ်ဇစ်ကို သုံးဂိုး – တစ်ဂိုး၊ လီဗာပူးက လေဗာကူဆင်ကို လေးဂိုး–ဂိုးမရှိ၊ စပို့တင်းက မန်စီးတီးကို လေးဂိုး – တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး လိုင်လီနှင့် ဂျူဗင်တပ်စ်အသင်းပွဲစဉ်တွင် တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MG ZS EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ 99 Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC AION Y YOUNGER အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် T & Z Finance Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံး လုပ်နည်းနှင့်အညီ ထုတ်ယူခွင့် ပြုခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# White Dragon လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် နိုဝင်ဘာ ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာ မျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် “White Dragon” လိပ်ပြာပုံ** (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို **၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲမှ** စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသ ကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။




အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီး တို့တွင် **၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက် (တနင်္လာနေ့)** တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်တော်ဆိုင်ကယ်ကြောင့်ဖြစ်ပွားသည့် ယာဉ်တိုက်ခိုက်မှုများလျှော့ချသွားနိုင်မည်ဆိုပါက နေပြည်တော်၏ယာဉ်တိုက်ခိုက်မှုကိန်းဂဏန်းများကျဆင်းသွားမည်

**နေပြည်တော် နိုဝင်ဘာ ၆**

နေပြည်တော် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးမြင့်စိုးနှင့် ဦးဟန်သူ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**လိုက်နာဆောင်ရွက်**

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီက ချမှတ်ထားသည့် Quick Win အစီအမံ ငါးရပ်ကို စဉ်ဆက်မပြတ်အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားသည့် ယာဉ်တိုက်ခိုက်မှုများကို လျှော့ချသွားနိုင်မည်ဆိုပါက နေပြည်တော်၏ ယာဉ်တိုက်ခိုက်မှု ကိန်းဂဏန်းများ တဖြည်းဖြည်းကျဆင်းသွားမည်ဖြစ်ကြောင်း၊ စီမံအုပ်ချုပ်ရေးအဖွဲ့များက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ပညာပေးခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်းများကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ပြည့်စုံမှန်ကန်ရေးသည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အတွက် အလွန်အရေးပါသည့် လိုအပ်ချက်တစ်ရပ်ဖြစ်သည့်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းညွှန်း၊ လမ်းအမှတ်အသားများ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်စေရေး၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်နေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**



# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၆**

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်နှင့်အရံစေတီတော်များအားလုံး လုံးတော်ပြည့် ရွှေစင်ရွှေပြား၊ ကြေးပေါင်ကြေးပြားနှင့် မျက်ပါးရွှေဆိုင်း၊ ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်းလုပ်ငန်းများ စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၅ ရက်က စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သား ပေါင်းစုံဓမ္မာရုံ၌ ကျင်းပသည်။**(အပေါ်ပုံ)**

ဦးစွာ ရွှေသင်္ကန်းကပ်လှူပူဇော်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ရွှေသင်္ကန်းကပ်လှူပူဇော်ရေးဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များက မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် အခမ်းအနား တက်ရောက်လာကြသူများက ဆံတော်ဦးစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ပန်းတောင်းမြို့နယ်၌ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ထူးချွန်တောင်သူများ၊ ကျေးရွာအုပ်စုများအား ဂုဏ်ပြုဆုချီးမြှင့်

**ပန်းတောင်း နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ထူးချွန်တောင်သူများ၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်ဆောင်ရွက်နိုင်ခဲ့သည့် ကျေးရွာအုပ်စုများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသင်းက အဓိကသီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်နှုန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပန်းတောင်းမြို့နယ်အတွင်း အဓိကသီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်နှုန်း ကျော်လွန်အောင် ဆောင်ရွက်ခဲ့သော တောင်သူများအား မြို့နယ်စိုက်ပျိုး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌက မြန်မာနိုင်ငံသည် စိုက်ပျိုးရေး အခြေခံသည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးခြင်းကို အဓိကအားပေးလုပ်ဆောင်၍ ယခုနှစ်တွင် ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးနိုင်စေရေးအတွက် အားသွန်ခွန်စိုက် ပူးပေါင်းကြိုးပမ်းကြရန်ပြောကြားခဲ့ကြောင်း သိရသည်။

**သင်းသင်းအေး (ပြန်/ဆက်)**

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင် ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန် ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာ အဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှု လမ်းကြောင်း တစ်လျှောက်နှင့် ကုန်ပစ္စည်း သိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိ ပြည်သူများ၏ သတင်းပေး တိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း သတင်းရရှိမှု (၅၃) ကြိမ်ရရှိခဲ့ပြီး၊ သတင်းမှား (၂၁) ကြိမ်၊ နောက်ကျသတင်း(၂)ကြိမ်နှင့် ဖမ်းဆီးရမိမှု အကြိမ် (၃၀) ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ(၈၂)မှ ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ဖြစ်သော ကုန်ပစ္စည်း ၃၃ မျိုး အပါအဝင် ခန့်မှန်းတန်ဖိုးကျပ် ၂၁၂၂ ဒသမ ၄၃၂ သန်းနှင့် တရားမဝင် ကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ အပါအဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှု တန်ဖိုးကျပ် ၂၁၂၂ ဒသမ ၄၃၂ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ကျပ် ၄၂၄ ဒသမ ၄၈၆ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဆုချီးမြှင့်ရန် လျာထားငွေကျပ် ၂၃၉ ဒသမ ၃၇၄ သန်းကိုလည်း သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။




ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလျာဏမိတ္တကို အကြောင်းပြု၍ CLMV အဖွဲ့၏ စည်းလုံးညီညွတ်မှုနှင့်အတူ သာယာဝပြောသော အသိုက်အဝန်းဆီသို့

**အခါတစ်ပါးတုန်းက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ရှင်အာနန္ဒာရဲ့ လျှောက်ထားမှုကြောင့် မိတ်ကောင်းဆွေကောင်းရဲ့ တန်ဖိုးကြီးမားပုံကို ဟောဖော်ညွှန်ပြခဲ့ဖူးပါတယ်။ အဲဒီမှာ ရှင်အာနန္ဒာက ဘယ်လိုလျှောက်သလဲဆိုရင် မိတ်ကောင်းဆွေကောင်းရှိခြင်းက အမှုကိစ္စတို့ကို ၅၀ ရာခိုင်နှုန်းပြီးမြောက်စေတတ်တယ်ဆိုပြီး ပုထုဇဉ်အတွေးကို မြတ်စွာဘုရားဆီလျှောက်ထားတာပေါ့။ ဒါပေမယ့် ရှင်အာနန္ဒာရဲ့ အတွေးအခေါ်ကို မြတ်စွာဘုရားက ငြင်းပယ်တော်မူပါတယ်။**

## ထက်မြတ်

တစ်ကယ်တော့ ကလျာဏမိတ္တလို့ခေါ်တဲ့ မိတ်ကောင်းဆွေကောင်းဆိုတာက အားကြီးတဲ့ မှီခိုရာအကြောင်းတစ်ခုဖြစ်တဲ့အပြင် မိတ်ကောင်းဆွေကောင်းသာရှိမယ်ဆိုရင် အမှုကိစ္စတို့ကို ရာနှုန်းပြည့် အောင်မြင်ပြီးစီးစေတတ်တယ်လို့ မြတ်စွာဘုရားက ပြန်လည်မိန့်ကြားတော်မူတယ်လို့ ကြားသိခဲ့ရပါတယ်။ ဒါကြောင့် မိတ်ကောင်းဆွေကောင်းရှိဖို့ဆိုတာ လူတစ်ဦးချင်းအတွက်သာမက အဖွဲ့အစည်းများအချင်းချင်း၊ နိုင်ငံအချင်းချင်းအတွက်ပါ အကျိုးရှိစေမှာ မဟုတ်ပါလား။

လူဆိုတာ တစ်ဦးတစ်ယောက်တည်း ရပ်တည်လို့မရသလို နိုင်ငံတွေဆိုသည်မှာလည်း ကမ္ဘာပေါ်မှာ ထီးထီးချည်း ရပ်တည်လို့မရနိုင်ပါဘူး။ လူတွေက ပုထုဇဉ်ဖြစ်နေသမျှကာလပတ်လုံး လောကီကောင်းကျိုးတွေရရှိဖို့ လိုအပ်ပါတယ်။ နိုင်ငံဆိုသည်မှာလည်း နိုင်ငံသူ နိုင်ငံသားအားလုံး ကောင်းကျိုးချမ်းသာတွေရရှိစေဖို့အတွက် ဆောင်ကြဉ်းပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒီလိုမျိုး ကောင်းကျိုးတွေရရှိစေဖို့ဆိုတာ ကိုယ်တစ်ဦးတစ်ယောက်တည်းနဲ့တော့ ဘယ်လိုမှ မစွမ်းဆောင်နိုင်ပါဘူး။ မိတ်ဆွေကောင်းဆိုတာလည်း မဖြစ်မနေလိုအပ်ပါတယ်။ တစ်ခုတော့ရှိတာပေ့ါ။ ကိုယ်က မိတ်ဆွေကောင်းလိုချင်ရင် ကိုယ်ကိုယ်တိုင်က တခြားသူအတွက် မိတ်ဆွေကောင်းဖြစ်ဖို့ လိုအပ်တယ်မဟုတ်ပါလား။ ဒါကြောင့် ဒေသတွင်း နိုင်ငံအချင်းချင်း ကလျာဏမိတ္တပီသစွာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်မယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှုဆိုတာ ဝေးမယ်မထင်ပါဘူး။ ဒီလို နိုင်ငံအချင်းချင်း ကလျာဏမိတ္တ ပီသစွာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်ဖို့အတွက် အရှေ့တောင်အာရှမှာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံတွေက CLMV ဆိုတဲ့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တစ်ခုကို လက်တွေ့အကောင်အထည်ဖော်ခဲ့ကြပါတယ်။ ဒါကြောင့် CLMV ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းလေးကို အကျဉ်းချုံးတင်ပြလိုပါတယ်။



**❖ နိုင်ငံအချင်းချင်း ကလျာဏမိတ္တ ပီသစွာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်ဖို့အတွက် အရှေ့တောင်အာရှမှာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံတွေက CLMV ဆိုတဲ့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် တစ်ခုကို လက်တွေ့အကောင်အထည်ဖော်ခဲ့ကြပါတယ်**

**❖ (၁၁) ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာလ ၇ ရက်နေ့မှာ မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ဆောင်ရွက်သွားမှာပါ။ ဒီနှစ် ထိပ်သီးအစည်းအဝေးအတွက် ခေါင်းစဉ်က "ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့"ဆိုပြီး ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ CLMV ပူးပေါင်းဆောင်ရွက်မှုရဲ့ အနာဂတ်ဦးတည်ချက်အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးပြီး ပူးတွဲကြေညာချက်တစ်ခုကို ထုတ်ပြန်သွားဖို့ရှိတယ်လို့လည်း သိရ**

### အာဆီယံပေါင်းစည်းရေးအစီအစဉ်ကို အထောက်အကူပြုစေ

၂၀၀၃ ခုနှစ် နိုဝင်ဘာလကပေ့ါ။ မြန်မာနိုင်ငံရဲ့ ဗုဒ္ဓဘာသာထွန်းကားရာနေရာတစ်ခုဖြစ်တဲ့ ပုဂံမြို့မှာ ပထမအကြိမ် ACMECS ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ လာအိုနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံဝန်ကြီးချုပ်နဲ့ တွေ့ဆုံစဉ်မှာ ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး (Cambodia–Lao PDR–Myanmar–Vietnam Cooperation Summit – CLMV) ကို ကျင်းပသွားဖို့ အဆိုပြုလိုက်ပါတယ်။ အဲဒီအဆိုပြုမှုဟာ ချက်ချင်းပဲ အကောင်အထည်ပေါ်ခဲ့တာပါ။ ၂၀၀၄ ခုနှစ် နိုဝင်ဘာလရောက်တော့ ပထမအကြိမ် CLMV ထိပ်သီးအစည်းအဝေးကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှာ အာဆီယံထိပ်သီးအစည်းအဝေးနဲ့အတူ ဆက်စပ်ကျင်းပပြီး CLMV အဖွဲ့ဝင်လေးနိုင်ငံကြားမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းရေးဆိုင်ရာ ဗီယင်ကျန်းကြေညာစာတမ်း (Vientiane Declaration) ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ အဲဒီကြေညာစာတမ်းအရ ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍရှစ်ခုမှာ ပူးပေါင်းဆောင်ရွက်သွားဖို့ အဖွဲ့ဝင်နိုင်ငံတွေက သဘောတူကြပါတယ်။ အဖွဲ့ဝင်တစ်နိုင်ငံစီက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ အနည်းဆုံးနှစ်ခုစီကို ဦးဆောင်တာဝန်ယူရမှာပါ။

ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍကြီးရှစ်ခုကဘာတွေလဲဆိုရင် –

- (က) ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု လွယ်ကူစေခြင်းနှင့် တိုးမြှင့်ပေးခြင်း
- (ခ) စိုက်ပျိုးရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း
- (ဂ) စက်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း
- (ဃ) စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း
- (င) ပို့ဆောင်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း
- (စ) သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း
- (ဆ) ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း
- (ဇ) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကတော့ ကဏ္ဍသုံးခုကို ဦးဆောင်သူအနေနဲ့ တာဝန်ယူထားတာပါ။ အဲဒီကဏ္ဍသုံးခုက စိုက်ပျိုးရေး၊ စွမ်းအင်၊ စက်မှုဆိုတဲ့ ကဏ္ဍတို့ပါပဲ။

အာဆီယံအဖွဲ့အတွင်း CLMV အဖွဲ့ဝင်နိုင်ငံများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချရေး၊ CLMV နိုင်ငံများအတွင်း စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ ဒေသခွဲနဲ့ ဒေသတွင်းဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးနဲ့ အာဆီယံပေါင်းစည်းရေးအစီအစဉ်ကို အထောက်အကူပြုနိုင်စေရေးတို့အတွက် ရည်ရွယ်ပြီး CLMV ကို ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။

### ပူးတွဲကြေညာချက် ထုတ်ပြန်သွားရန်ရှိ

CLMV ထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ်ကစပြီး တစ်နှစ်တစ်ကြိမ်ဆိုသလို အာဆီယံထိပ်သီးအစည်းအဝေးများနဲ့ ဆက်စပ်ကျင်းပလာခဲ့ပေမယ့် ၂၀၀၈ ခုနှစ်ကစလို့ CLMV ထိပ်သီးအစည်းအဝေးနဲ့ ACMECS ထိပ်သီးအစည်းအဝေးတို့ပူးတွဲပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့တာပါ။ ဒီနှစ်မှာတော့ (၁၁)ကြိမ်မြောက်အထိကို ရောက်ရှိလာပါပြီ။ (၁၁)ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာလ ၇ ရက်နေ့မှာ မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ဆောင်ရွက်သွားမှာပါ။ ဒီနှစ် ထိပ်သီးအစည်းအဝေးအတွက် ခေါင်းစဉ်က "**ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့**"ဆိုပြီး ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ CLMV ပူးပေါင်းဆောင်ရွက်မှုရဲ့ အနာဂတ်ဦးတည်ချက်အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးပြီး ပူးတွဲကြေညာချက်တစ်ခုကို ထုတ်ပြန်သွားဖို့ရှိတယ်လို့လည်း သိရပါတယ်။

ဒီ CLMV အဖွဲ့နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံက တင်သွင်းခဲ့တဲ့ စီမံကိန်းတွေ အများကြီးရှိပါတယ်။ (၈)ကြိမ်မြောက် အစည်းအဝေးမှာတုန်းက ဆိပ်ခံတံတားနဲ့ မြစ်ကမ်းပါးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၊ CLMV အဖွဲ့ဝင်နိုင်ငံများတွင် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တာဝန်ရှိမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲစီမံကိန်း၊ ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရေးအတွက် စည်းမျဉ်းစည်းကမ်းများ ပြန်လည်သုံးသပ်ရေးစီမံကိန်း၊ စပါးမျိုးအရည်အသွေးထိန်းချုပ်မှုစနစ်အတွက် စွမ်းရည်မြင့်မားစေရေးစီမံကိန်းတို့ ဖြစ်ပါတယ်။ ဒ့ါအပြင် (၁၀) ကြိမ်မြောက် အစည်းအဝေးမှာဆိုရင်လည်း နယ်စပ်ဒေသမှာ အာဖရိကဝက်တုပ်ကွေးရောဂါဖြစ်ပွားမှု တုံ့ပြန်ရေးနှင့် ထိန်းချုပ်ရေးစီမံကိန်း၊ တာလေမြို့ရှောင်လမ်းပေါ်မှာ နမ်လင်းတံတားတည်ဆောက်ရေးစီမံကိန်း၊ CLMV နိုင်ငံများအကြား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာလေ့ကျင့်ရေးနှင့် သုတေသနဌာနစီမံကိန်း၊ ထိုင်းနိုင်ငံမှတစ်ဆင့် လာအိုနှင့် မြန်မာနိုင်ငံတို့ကြား LIMEC ဆက်သွယ်ရေးလမ်းကြောင်း ဖြစ်တန်စွမ်းလေ့လာရေးစီမံကိန်းတွေကို အဆိုပြုတင်သွင်းခဲ့ပါတယ်။

CLMV အဖွဲ့ဝင်နိုင်ငံများရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ဒေသတွင်းမှာ အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်မှုအတွက် အလွန်ကိုပဲ အရေးပါပါတယ်။ ဒီလိုမျိုးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘယ်လိုနယ်ပယ်တွေမှာ တိုးတက်မှုတွေ ရှိလာသလဲဆိုရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတို့မှာ တိုးတက်မှုတွေရှိလာတာပါ။

*စာမျက်နှာ ၁၇ သို့*

## အသင် မြန်မာမဟုတ်လော

* ဘုရားကျောင်းကန်၊ သွင်ဟန်ကျော့ကျော့
မလျော့ဖွဲ့မာန်၊ ပြည်မြန်သမိုင်း
မရိုင်းရအောင်၊ ထမ်းဆောင်တာဝန်
လွန်ကျေပွန်၍၊ မိုးစွန်နဘံ
လွှင့်ပျံလွန်မွေး၊ သတင်းရေးခဲ့
ဒို့ဘေးဒို့ဘွား လူတော်များ။

* ယနေ့ချိန်ခါ၊ ပြည်ရွာတစ်ရိုး
အဆိုးမြင်ဝါဒ၊ ကိုင်စွဲကြ၍
အလှမဲ့ကင်း၊
ဖြစ်ချင်းမလှ၊ ရှိနေရသည်
ရှုကြစေကြောင်း၊ လူငယ်အပေါင်းတို့။

* ကိုယ့်တိုင်းပြည်ကို၊ ကိုယ်ကမြတ်နိုး
တန်ဖိုးရှိစေ၊ ကြိုးစားနေမှ
သင်လေချစ်သော၊ ပြည့်တစ်ကြောတွင်
ဝပြောစည်ပင် နေချင်စဖွယ်
လွန်တင့်တယ်လိမ့်။

* ထို့ကြောင့်သာပင်၊ ပြောပြချင်သည်
စိတ်တွင်စိတ်ရိုင်း၊ မဆိုင်းမတွ
ပယ်ဖျောက်ကြ၍
လှပသာယာ၊ ပြည်မြန်မာကို
ပြန်ကာပြုပြင် တည်ဆောက်စေချင်သည်
အသင် မြန်မာမဟုတ်လော...။ ။

ဘိုမျိုး (ရွှေဘို)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကမ်းထိန်းနံရံများ၊ ရေထိန်းတံခါးများကို ဘဏ္ဍာနှစ်အလိုက် ဦးစားပေးဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား နိုဝင်ဘာ ၆**

ကချင်ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် ဇွန် ၃၁ ရက်နှင့် ဇူလိုင် ၁ ရက်တို့တွင် ဧရာဝတီမြစ်ရေ စံချိန်တင် မြင့်တက်ခဲ့မှုကြောင့် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက် ၃ ရပ်ကွက်မှအပ ကျန်ရပ်ကွက်များတွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဧရာဝတီမြစ်ကမ်းထိန်းသိမ်းရေးနှင့် ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေး စီမံကိန်းလုပ်ငန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၅ ရက်က ဧရာဝတီမြစ်ကမ်း တစ်လျှောက် ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံကိန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေးကြသည်။ **(အပေါ်ယာပုံ)**



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်း၊ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေး၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် နယ်မြေ ၂ ရှိ ဧရာဝတီမြစ်ဆိပ်၌ မြစ်ကြီးနားမြို့ ရေစတင်ဝင်ရောက်ခဲ့မှု အခြေအနေများအပေါ် ကရိန်နေဘ်မှ ပမ္မတီးစက်လှေဆိပ်အထိ ကမ်းတစ်လျှောက် ၁၆ ဒသမ ၅ မိုင်အတွင်း ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားမည့် ကျောက်စီမြေထိန်း တမံ၊ ရေလျှံတားနံရံများနှင့် အဓိက ရေဝင်ပေါက်များဖြစ်သည့် ချောင်းဝနေရာ ခြောက်ခုတွင် ရေထိန်းတံခါးများ တည်ဆောက်သွားမည့် စီမံကိန်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိန်လွင်နှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ဦးစားပေး ဆောင်ရွက်ရမည့် အပိုင်းလိုက် လုပ်ငန်း စီမံကိန်းများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး ဆောင်ရွက်သည်။

ယင်းနောက် အဆိုပါ မြစ်ဆိပ်မှတစ်ဆင့် မီးသတ်ဦးစီးဌာနမှ အမြန်ရေယာဉ်များဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြို့အထက်ဘက် ရွှေစက်ရပ်ကွက် ကရိန်နေဘ်အထိ လည်းကောင်း၊ ကရိန်နေဘ်မှ သီတာရပ်ကွက် ရုံးကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ဧရာဝတီမြစ်ဆိပ်အထိ လည်းကောင်း၊ မြစ်တွင်းမှ တစ်ဆင့် ဘဏ္ဍာနှစ်အလိုက် ဦးစားပေး ဆောင်ရွက်ရမည့် မန်ခိန်ရပ်ကွက် တရုတ်ဘုံကျောင်းမှ ဗလမင်းထင်တံတားအထိ ကျောက်စီ ကမ်းထိန်းတမံနှင့် ရေလျှံတားနံရံ တည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဗလမင်းထင်တံတားမှ ဆုတောင်းပြည့်ရေဆိပ်အထိ ရေလျှံတားနံရံတည်ဆောက်ရန် လျာထားမှု အခြေအနေများနှင့် ရေထိန်းတံခါးတည်ဆောက်မည့် တက္ကသိုလ်ရေပေါက်နှင့် အင်ဂျန်းချောင်းဝတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ရေလမ်းကြောင်း ဖွံ့ဖြိုးရေးအတွင်း ဗလမင်းထင်တံတား အောက်ဘက်ရှိ သဲသောင်ခုံနှင့် နောင်တာလောကျွန်းသဲသောင်ခုံတို့အားသဲသောင်တူးဖော် ရှင်းလင်းဆောင်ရွက်မည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ယခုနှစ် စံချိန်တင်မြစ်ရေကြီးမြင့်ခဲ့သည့် စိုးရိမ်ရေမှတ် ၁၂၀၀ ၏အထက် ၁၄၀၆ စင်တီမီတာ မြင့်တက်ခဲ့သဖြင့် အဆိုပါမြစ်ကြောင်း ထိန်းသိမ်းရေးနှင့် မြို့ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် ဧရာဝတီမြစ်ကြောင်း တစ်လျှောက် အလျား ၁၆ မိုင်ကျော်အတွင်း လုပ်ငန်းစီမံကိန်း အပိုင်း ခြောက်ပိုင်းခွဲ၍ ဦးစားပေးအလိုက် ကျောက်စီရေထိန်းတမံ၊ ရေလျှံတားနံရံများနှင့် ရေထိန်းတံခါးများကို ဆောင်ရွက်မည်ဖြစ်ပြီး အမြင့်ဆုံး ၁၅၀၀ စင်တီမီတာအထိ ကာကွယ်နိုင်ရေး လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မအူပင်မြို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**မအူပင် နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများစုပေါင်း၍ နိုဝင်ဘာ ၅ ရက်က ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းတို့က ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီးနှင့် နဝင်္ဂနန်းဦးစေတီတော်တို့တွင် ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူပူဇော်ခြင်း၊ ဘုရားဝင်းအတွင်း၊ အပြင်နေရာများ၌ တံမြက်စည်းလှဲခြင်း၊ အမှိုက်များ ကောက်ယူခြင်းနှင့် ရင်ပြင်တော်ဆေးကြောခြင်းစသည့် စုပေါင်းသန့်ရှင်းရေး လုပ်အားဒါနများ ပြုလုပ်ကြသည်။ ထို့နောက် မအူပင်ခရိုင်အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြပြီး သွေးအလှူရှင်များအတွက် အာဟာရဒါနအဖြစ် ကြက်ဥ၊ နွားနို့၊ ၄က်ပျောသီးများ ထောက်ပံ့ပေးခြင်း၊ ရုံးရှေ့တွင် ဝန်ထမ်းမိသားစု အားကစားပြိုင်ပွဲများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

အောင်မြင့်မြတ် (ပြန်/ဆက်)



*စာမျက်နှာ ၁၆ မှ*

စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှာဆိုရင် CLMV နိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ၂၀၁၀ ပြည့်နှစ်မှာ ၈ ရာခိုင်နှုန်းမှသည် ၂၀၁၆ ခုနှစ်မှာ ၁၂ ရာခိုင်နှုန်းအထိ တိုးတက်လာတာ တွေ့ရပါတယ်။ ၂၀၂၃ ခုနှစ်အတွက် CLMV အဖွဲ့ရဲ့ ကုန်သွယ်မှုပမာဏက အမေရိကန်ဒေါ်လာ ၇၆၈ ဒသမ ၉ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ဒီပမာဏဟာ အာဆီယံအဖွဲ့တစ်ခုလုံးရဲ့ ကုန်သွယ်မှုပမာဏအနက် ၂၂ ဒသမ ၈ ရာခိုင်နှုန်းရှိတယ်လို့ စက်တင်ဘာလ ၁၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ (၁၆)ကြိမ်မြောက် CLMV စီးပွားရေးဝန်ကြီးများ အစည်းအဝေးထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

ဒါ့အပြင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုရင်လည်း ၂၀၂၂ ခုနှစ်ကနေ ၂၀၂၃ ခုနှစ်အတွင်း ၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာပါတယ်။ အဲဒီထဲမှာမှ လာအိုနိုင်ငံရဲ့ တိုးတက်မှုဟာ ၁၈၀ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ငွေကြေးပမာဏအားဖြင့်တော့ ဗီယက်နမ်နိုင်ငံက ဒေါ်လာ ၁၈ ဒသမ ၅ ဘီလီယံနဲ့ အမြင့်ဆုံးမှာရှိပါတယ်။

စီးပွားရေးဝန်ကြီးများအစည်းအဝေးမှာ CLMV လုပ်ငန်းဆောင်ရွက်မှုအစီအစဉ် ၂၀၂၅-၂၀၂၆ ကို သတ်မှတ်ပြဋ္ဌာန်းလိုက်ပါသေးတယ်။ အဲဒီအစီအစဉ်မှာတော့ နယ်ပယ်ခြောက်ခု ပေါင်းစုပါဝင်နေပါတယ်။ အဲဒါတွေက ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ဒေသတွင်း ကတိကဝတ်များကို အကောင်အထည်ဖော်ရေး၊ ကပ်ရောဂါ ပြန်လည်ထူထောင်ရေးအစီအစဉ်၊ CLMV ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဘောင်ကို အကောင်အထည်ဖော်ရေးအစီအစဉ်နဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်တို့ ဖြစ်ပါတယ်။

အခုဆိုရင် မကြာခင်မှာ (၁၁)ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးကို ကျင်းပသွားဖို့ ရှိနေပါတယ်။ ဒီအစည်းအဝေးမှာလည်း အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး လုပ်ငန်းအစီအစဉ်တွေ အကောင်အထည်ဖော်ရေးအတွက် ဆွေးနွေးသွားကြမှာပါ။ ဒီလိုဆွေးနွေးမှုတွေနဲ့အတူ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုတွေကတစ်ဆင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒီတော့ ကျွန်တော့်အနေနဲ့ အထက်မှာပြောခဲ့တဲ့ ကလျာဏမိတ္တ ဆိုတဲ့စကားကို ပြန်ဆက်ရရင် CLMV အဖွဲ့ဆိုတာ ကိုယ်တိုင်လည်း မိတ်ကောင်းဆွေကောင်းဖြစ်ပေးဖို့ ကြိုးစားကြသလို ကလျာဏမိတ္တကို ရှာဖွေပေါင်းသင်းဖို့ ဆန္ဒပြင်းပြကြသူများဖြစ်တာကို တွေ့ရပါတယ်။

ဒါကြောင့် ကလျာဏမိတ္တဆိုတာ လောကကောင်းကျိုးအတွက် မရှိမဖြစ်လိုအပ်တဲ့ အရာဖြစ်တာနဲ့အညီ CLMV အဖွဲ့ဝင်နိုင်ငံများဟာလည်း တစ်ဦးနဲ့တစ်ဦး မိတ်ကောင်းဆွေကောင်းများအဖြစ်ပေါင်းသင်းဆက်ဆံခြင်းအားဖြင့် ကလျာဏမိတ္တကို အကြောင်းပြုလို့ စည်းလုံးညီညွတ်မှုနဲ့အတူ သာယာဝပြောသော အသိုက်အဝန်းဆီသို့ ဆက်လက်လျှောက်လှမ်း သွားကြနိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါတယ်။ ။

# ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိဟု ထရမ့်ပြောကြား

**ဝါရှင်တန် နိုဝင်ဘာ ၆**

မီဒီယာများက ကိုယ်စားလှယ်ဆန္ဒမဲ ၂၇၀ ထက် မနည်းရရှိမည်ဟု ခန့်မှန်းခဲ့ပြီးနောက် ရီပတ်ဘလီကင်သမ္မတလောင်း ဒေါနယ်ထရမ့်က ၂၀၂၄ ခုနှစ်အမေရိကန်သမ္မတရွေးကောက်ပွဲတွင် မိမိ အနိုင်ရရှိခဲ့ကြောင်း နိုဝင်ဘာ ၆ ရက်အစောပိုင်းက ကြေညာခဲ့သည်။

အမေရိကန် သမ္မတရာထူးကိုရရှိရန် ကိုယ်စားလှယ်ဆန္ဒမဲအနည်းဆုံး ၂၇၀ လိုအပ်သည်။

ဖလော်ရီဒါ West Palm Beach ရှိ ၎င်း၏ ရွေးကောက်ပွဲရုံးချုပ်၌ မိန့်ခွန်းပြောကြားရာတွင် အမေရိကကို ကုစားရန် ကတိပေးခဲ့သလို အမေရိကန်-မက္ကဆီကိုနယ်စပ်ကိုလည်း ပြင်ဆင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မိမိတို့နိုင်ငံအနေဖြင့် မည်သည့်အခါမျှ မမြင်တွေ့နိုင်သည့် နိုင်ငံရေးအောင်ပွဲတစ်ခုဖြစ်ကြောင်း၊ (၄၅)ဦးမြောက် အမေရိကန်သမ္မတနှင့် (၄၇)ဦးမြောက် အမေရိကန်သမ္မတအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ မိမိကို ရွေးချယ်ခဲ့သည့်အတွက် အမေရိကန်ပြည်သူများကို ကျေးဇူးတင်ကြောင်း ထရမ့်က ပြောကြားလိုက်သည်။

အမေရိကန်ပြည်သူများအတွက် သာမက အမေရိကန်ပြည်သူများ၏ အနာဂတ်အတွက်ပါ တိုက်ပွဲဝင်မည်ဖြစ်ကြောင်း၊ အမေရိကန်ပြည်သူများနှင့် အနာဂတ်ရင်သွေးများအတွက် ထိုက်တန်သည့် ဘေးကင်းစိတ်ချ၊ သန်မာအားကောင်းပြီး ပြည့်စုံကြွယ်ဝသည့်နိုင်ငံတော်ကြီးကို မဆောင်ကြဉ်းပေးနိုင်သရွေ့ မိမိအနားယူမည် မဟုတ်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။

အကြီးအကျယ်ယှဉ်ပြိုင်ရသည့် ပြည်နယ် ခုနစ်ခုအနက် ပြည်နယ် သုံးခုတွင် မစ္စတာထရမ့်အနိုင်ရလိမ့်မည်ဟု မီဒီယာများက ခန့်မှန်းခဲ့ပြီးနောက် နိုဝင်ဘာ ၆ ရက်အစောပိုင်းတွင် ထရမ့်က အောင်ပွဲမိန့်ခွန်း ပြောကြားခဲ့ခြင်းဖြစ်သည်။

မစ္စတာ ထရမ့်သည် ၎င်း၏ ပြိုင်ဘက် ဒီမိုကရက်တစ်သမ္မတလောင်းနှင့် လက်ရှိအမေရိကန် ဒုတိယသမ္မတ ကာမလာဟားရစ်ကို ပြည်နယ်လေးခုတွင် ဦးဆောင်လျက်ရှိသည်။



ဆန္ဒမဲများကို နိုင်ငံတစ်ဝန်းဆက်လက်ရေတွက်နေချိန်တွင် ဟားရစ်၏ အိမ်ဖြူတော်သို့ရောက်ရှိရေး မျှော်မှန်းချက်မှာ တဖြည်းဖြည်းမှေးမှိန်လာလျက်ရှိသည်။ ဟားရစ်သည် ရွေးကောက်ပွဲညတွင် ၎င်း၏ ထောက်ခံသူများကို စကားပြောနိုင်ဦးမည် မဟုတ်ကြောင်းနှင့် ဆန္ဒမဲများကို အပြီးသတ်မရေတွက်ရသေးကြောင်း အမေရိကန်ဒုသမ္မတ ကာမလာဟားရစ်၏ မဲဆွယ်စည်းရုံးရေးကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့သည်။

ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ





## သဘောထားကွဲလွဲမှုဖြစ်ပွားပြီး ဝန်ကြီးချုပ် နေတန်ယာဟုက ကာကွယ်ရေးဝန်ကြီး ယော့ဗ်ဂါးလန့်ကို ရာထူးမှ ထုတ်ပယ်

**ဂျေရုဆလင် နိုဝင်ဘာ ၆**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ယုံကြည်ချက်ပျက်ပြားမှုကြောင့် ကာကွယ်ရေးဝန်ကြီး ယော့ဗ်ဂါးလန့်ကို ရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၅ ရက်က ထုတ်ပြန်ချက်တွင် ဝန်ကြီးချုပ် နေတန်ယာဟုက ၎င်းနှင့် ဂါးလန့်တို့အကြား လွန်ခဲ့သည့် လအနည်းငယ်အတွင်း ယုံကြည်မှုပျက်ပြားသွားခဲ့ကြောင်း ဖော်ပြထားသည်။ အစ္စရေးနိုင်ငံ၏ လုံခြုံရေးသည် ၎င်း၏ တာဝန်ဖြစ်ကြောင်းနှင့် မိမိတွင်တာဝန်အဖြစ် အမြဲတမ်းဆက်လက်ရှိနေမည်ဖြစ်ကြောင်း ဂါးလန့်က လူမှုကွန်ရက်တွင် ရေးသားထားသည်။

အဆိုပါပုဂ္ဂိုလ် နှစ်ဦးသည် ဂါဇာကမ်းမြောင် စစ်ဆင်ရေးနှင့် ပတ်သက်ပြီး သဘောထားကွဲလွဲခဲ့ကြောင်း သိရသည်။ ဝန်ကြီးချုပ် နေတန်ယာဟုက သဘောထားတင်းမာမှုကို စွဲကိုင်ထားပြီး ကာကွယ်ရေးဝန်ကြီး ဂါးလန့်က ဖမ်းဆီးခံထားရသည့် ဓားစာခံများ လွတ်မြောက်ရေးအတွက် ဟားမားစ်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုများကို အစ္စရေးအနေဖြင့် လိုက်လျောရန် လိုအပ်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး အစ္စရေး ကတ်ဇ်ကို ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်သွားမည်ဟု နေတန်ယာဟုက ပြောသည်။ ကတ်ဇ်၏နေရာကို စက်တင်ဘာလက ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ပါဝင်ခဲ့သော ဂီဒေါင်ဆားနှင့် အစားထိုးသွားမည် ဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့ ခန့်အပ်လုပ်ဆောင်မှုများသည် ညွန့်ပေါင်းအဖွဲ့ကို တည်ငြိမ်စေရန် ရည်ရွယ်ပုံရသည်။

အင်န်အိတ်ချ်ကေ

## ရေဘေးဒဏ်ခံဒေသကို ယူရို ၁၀ ဒသမ ၆ ဘီလီယံ ကူညီပေးရန် စပိန်အစိုးရ ကြေညာ

**မက်ဒရစ် နိုဝင်ဘာ ၆**

စပိန်နိုင်ငံ၌ ရေကြီးနစ်မြုပ်မှုဒဏ် အဆိုးရွားဆုံးခံစားရသည့် ဒေသများသို့ စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာအကူအညီများ ထောက်ပံ့ရန် ယူရို ၁၀ ဒသမ ၆ ဘီလီယံ အကူအညီပေးမည်ဟု စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်ချက်ဇ်က နိုဝင်ဘာ ၅ ရက်တွင် ပြောသည်။

လွန်ခဲ့သည့် သီတင်းပတ်အတွင်း ဗလင်စီယာ၊ ကက်စတဲလာ-လာမန်ချာနှင့် အန်ဒလူစီယာဒေသတို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ပြီး အဆိုပါဒေသများကို သဘာဝဘေးဒဏ်ခံဇုန်များအဖြစ် သတ်မှတ်ခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲ၌ စပိန်ဝန်ကြီးချုပ်က ပြောသည်။

ရေကြီးမှုကြောင့် ယခုအချိန်အထိလူပေါင်း ၂၁၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်နေပြီဖြစ်သော်လည်း လူပေါင်းများစွာမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ စပိန်တပ်ဖွဲ့ဝင် ၇၈၀၀ ကျော်မှာ ရေဘေးဒဏ်ခံဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေပြီး မီးသတ်သမားပေါင်း ၁၇၀၀ ဝန်းကျင်မှာလည်း ပြန်လည်ထူထောင်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများ ကူညီလုပ်ဆောင်လျက်ရှိသည်ဟု စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ဆင်ဟွာ

## ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ ကင်ဆာရောဂါကြောင့် သေဆုံးသူ နှစ်ဆနီးပါးရှိလာမည်ဟု ခန့်မှန်းထား

**ဆစ်ဒနီ နိုဝင်ဘာ ၆**

၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ ကင်ဆာရောဂါကြောင့် နှစ်စဉ် သေဆုံးသူအရေအတွက် နှစ်ဆ နီးပါးရှိလာမည်ဟု ဩစတြေးလျသုတေသနအဖွဲ့က ခန့်မှန်းထားကြောင်း နိုဝင်ဘာ ၆ ရက်က ထုတ်ပြန်သော လေ့လာချက်တစ်ခု၌ ဖော်ပြထားသည်။

၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်းရှိ လူပေါင်း ၁၈ ဒသမ ၅ သန်းမှာ ကင်ဆာရောဂါကြောင့် သေဆုံးနိုင်ပြီး ယင်းမှာ ၂၀၂၂ ခုနှစ်တွင် ၉ ဒသမ ၇ သန်းမှ ၈၉ ဒသမ ၇ ရာခိုင်နှုန်း တိုးလာမည်ဟု လေ့လာမှုတစ်ခုက ခန့်မှန်းထားသည်။

ကွင်းစလန်းတက္ကသိုလ်မှ ဟက်တာမူဘစ်ဇူယေးဟူဦးဆောင်သော သုတေသီအဖွဲ့သည် နိုင်ငံပေါင်း ၁၈၅ နိုင်ငံမှ ကင်ဆာအမျိုးအစားပေါင်း ၃၆ မျိုးနှင့် ပတ်သက်ပြီး ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုနှုန်းကို ခွဲခြမ်းစိတ်ဖြာခဲ့ကြောင်း၊ ၂၀၅၀ ကုလသမဂ္ဂလူဦးရေခန့်မှန်းချက်များကို ချင့်တွက်ပြီး အနာဂတ်ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများကို ခန့်မှန်းခဲ့ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း ကင်ဆာရောဂါဖြစ်ပွားသူပေါင်းမှာ ၂၀၂၂ ခုနှစ်တွင် သန်း ၂၀ ရှိရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၃၅ ဒသမ ၃ သန်းအထိ မြင့်တက်လာနိုင်သည်ဟု ဆိုသည်။ ၂၀၅၀ ပြည့်နှစ်တွင် အဆုတ်ကင်ဆာသည် ကင်ဆာရောဂါကြောင့် သေဆုံးမှုအများဆုံးအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

ထို့ပြင် ကင်ဆာရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုအရေအတွက်မှာ ၂၀၂၂ ခုနှစ်နှင့် ၂၀၅၀ ပြည့်နှစ်ကြားတွင် အမျိုးသမီးများထက် အမျိုးသားများ အနည်းငယ်တိုးလာမည်ဟုလည်း သုတေသီများက ခန့်မှန်းထားသည်။

ဆင်ဟွာ

## အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် လက်ဘနွန်နိုင်ငံရောက် ဆီးရီးယားဒုက္ခသည် ၂၁၆ ဦး သေဆုံး

**ဒမတ်စကတ် နိုဝင်ဘာ ၆**

လက်ဘနွန်နိုင်ငံ၌ အစ္စရေးတို့၏ ပြင်းထန်သည့် လေကြောင်းတိုက်ခိုက်မှုကြောင့် ပြီးခဲ့သည့် ရက်ပေါင်း ၅၀အတွင်း လက်ဘနွန်နိုင်ငံရောက်ဆီးရီးယားဒုက္ခသည် ၂၁၆ ဦးထက်မနည်း သေဆုံးခဲ့ပြီးဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က နိုဝင်ဘာ ၅ ရက်တွင်ပြောသည်။

နိုဝင်ဘာ ၅ ရက်က ပြုလုပ်ခဲ့သည့် အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် လက်ဘနွန်နိုင်ငံတောင်ပိုင်း ဘာဂလီယာကျေးရွာရှိ ဆီးရီးယားဒုက္ခသည် သုံးဦး သေဆုံးခဲ့ရသည်ဟု အဆိုပါအဖွဲ့က ပြောသည်။

စက်တင်ဘာလ နှောင်းပိုင်း လက်ဘနွန်သို့ အစ္စရေးတို့ စတင်တိုက်ခိုက်ချိန်မှစ၍ ဆီးရီးယားဒုက္ခသည်အမျိုးသမီး ၃၇ ဦးနှင့် ကလေး ၅၂ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။ ဟစ်ဇ်ဘိုလာအဖွဲ့နှင့် ဆက်နွယ်မှု လုံးဝမရှိသည့်အရပ်သားများနှင့် ဆီးရီးယားဒုက္ခသည်များအပေါ် ပစ်မှတ်ထားကာ တိုက်ခိုက်ခြင်းကို ရှုတ်ချကြောင်း အဆိုပါအဖွဲ့က ပြောသည်။



လက်ဘနွန်နိုင်ငံတောင်ပိုင်း ဝဇ်ဇာနီကျေးရွာရှိ ဆီးရီးယားဒုက္ခသည်များ နေရာရွှေ့ပြောင်းနေစဉ်။

ဆီးရီးယား ဒုက္ခသည်များအပါအဝင် အရပ်သားများ ထိခိုက်နစ်နာမှုကို ကာကွယ်ရန်အတွက် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းနှင့် လူ့အခွင့်အရေးအဖွဲ့များက အမြန်ဆုံး အရေးယူဆောင်ရွက်မှုများပြုလုပ်ပေးရေး တောင်းဆိုခဲ့သည်။ ထို့ပြင် လေကြောင်းတိုက်ခိုက်မှုများကြောင့် ထိခိုက်ခံစားရသည့် မိသားစုဝင်များအတွက် ခိုလှုံရာနေရာ၊ အစားအသောက်နှင့် ဆေးဘက်ဆိုင်ရာအကူအညီများ ထောက်ပံ့ပေးရန် အဆိုပါအဖွဲ့က တိုက်တွန်းခဲ့သည်။

ဆင်ဟွာ

# တောင်တွင်းကြီးမြို့နယ်တွင် ငရုတ်သီးနှံဈေးကောင်းရ၍ တောင်သူများ အကျိုးအမြတ်ရ

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်တွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ညောင်ဝန်းကျေးရွာတွင် စားဖိုဆောင်သုံးသီးနှံ တစ်မျိုးဖြစ်သည့် ငရုတ်သီးနှံဧက ၂၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ငရုတ်သီးနှံစိုက်ပျိုးရာတွင် မျိုးအနေဖြင့် သာမို ၉၀၀ နှင့် သာမို ၉၉၉ မျိုးများကို စိုက်ပျိုးရေးဆေးဆိုင်များမှ ဝယ်ယူစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့များကို ပျိုးအိတ်ဖြင့် ပျိုးထောင်ကာ ပျိုးပင်၂၅-၃၀ ရက်သားအရွယ်တွင် မြေသို့ချ၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ဩဂုတ်လတွင် မြေချစိုက်ပျိုးကြပြီး အောက်တိုဘာလတွင် ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၈၀၀၀၀၀ ခန့်ကုန်ကျပြီး တစ်ဧက လျှင် ပိဿာ ၇၀၀-၈၀၀ ခန့် ထွက်ရှိ၍ တောင်သူ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၇၀၀၀၀၀ ခန့်ရရှိကြောင်း သိရသည်။



နိုဝင်ဘာလ ပထမပတ်တွင် ငရုတ်သီးစိမ်း တစ်ပိဿာလျှင် လက်ကားဈေး ၅၀၀၀-၅၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်တွင်းကြီးမြို့သို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မကွေးမြို့သို့လည်း တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ငရုတ်သီးအထွက်နှုန်း လျော့နည်းသော်လည်း ငရုတ်သီးထွက်ပေါ်ခူးဆွတ်ချိန်တွင် ဈေးကောင်းရရှိသောကြောင့် ငရုတ်စိုက်တောင်သူများ အနေဖြင့် အကျိုးအမြတ်ရရှိကြောင်း သိရှိရသည်။

DOCA (မကွေး)

# မြို့သစ်မြို့နယ် ကွင်းကျေးရွာ၌ ဆောင်းမြေပဲများ လှိုင်လှိုင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ဝါနှင့် ပဲမျိုးစုံတို့ကို အဓိကစိုက်ပျိုးလျက်ရှိပြီး ကွင်းကျေးရွာတွင် ဆောင်းမြေပဲကို ဧက ၁၂၀ ခန့် စိုက်ပျိုးထားကြောင်း၊ ဆောင်းမြေပဲကို မိုးနှမ်းရိတ်သိမ်းပြီးသည့် စိုက်ခင်းမြေများတွင် ထွန်ယက်၍ ဩဂုတ်လတွင် စိုက်ပျိုးပြီး အောက်တိုဘာလကုန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ မျိုးအနေဖြင့် ဗီယက်နမ် (မြေပဲဆန်ဖြူ)၊ စွန်တာနီ(မြေပဲဆန်နီ)တို့ကို စိုက်ပျိုးပြီး စွန်တာနီ (မြေပဲဆန်နီ)မျိုးကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၈၀၀၀၀၀ ခန့်ကုန်ကျပြီး တင်း ၅၀-၆၀ ခန့် ထွက်ရှိ၍ တစ်ဧကလျှင် ငွေကျပ် ၇၀၀၀၀၀ ခန့် အမြတ်ရရှိကြောင်း သိရသည်။

နိုဝင်ဘာလ ပထမပတ်တွင် မြေပဲတောင့်တစ်တင်းလျှင် ငွေကျပ် ၂၂၀၀၀-၂၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ထွက်ရှိသည့် ဆောင်းမြေပဲများကို မကွေးမြို့ပေါ်ရှိ သီးနှံပွဲရုံများမှတစ်ဆင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချပြီး ဒေသတွင်းရှိ ဆီစက်လုပ်ငန်းရှင်များနှင့် မြေပဲကို တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ပြုလုပ်၍ ပြန်လည်ရောင်းချသည့် လုပ်ငန်းရှင်များကလည်း ဝယ်ယူကြကြောင်း သိရသည်။

ယခုနှစ်တွင် မိုးရွာသွန်းမှုများပြီး အထွက်နှုန်းအနည်းငယ်လျော့နည်းသော်လည်း ဈေးကောင်းရရှိသောကြောင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိကြောင်း၊ မြေပဲပင်များကို အခြောက်ခံနေလှန်း၍ တိရစ္ဆာန်အစာအဖြစ်လည်း အသုံးပြုနိုင်သည့် သီးနှံဖြစ်သောကြောင့် တောင်သူများအနေဖြင့် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

DOCA(မကွေး)



# မကွေးမြို့နယ်တွင် ဖရဲသီးဈေးကောင်းရ၍ တောင်သူများအဆင်ပြေ

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကမ်းရင်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ဖရဲသီးနှံကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ဖရဲသီးနှံဧက ၁၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။



ဖရဲသီးနှံကို ဩဂုတ်လတွင် စိုက်ပျိုးပြီး အောက်တိုဘာလတွင် ခူးဆွတ်ရောင်းချရကြောင်း၊ မျိုးအနေဖြင့် ဖရဲ-855 မျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် ဖရဲမျိုးစေ့ထုပ် လေးထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် မြေပြုပြင်၍ တန်းကြား ငါးပေ၊ ကျင်းကြား သုံးပေခြား၍ မိုးရေသောက်စနစ်နှင့် မြေအောက်ရေတင်စနစ်ဟူ၍ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ ထွန်ယက်ခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၂ သိန်းကျော် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ဖရဲသီးအလုံးရေ ၁၅၀၀-၂၀၀၀ ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ဖရဲသီးတစ်လုံးလျှင် လက်ကားဈေး ငွေကျပ် ၂၀၀၀-၂၅၀၀ ဖြင့် ရောင်းချရပြီး တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေး၊ မင်းဘူး၊ စကု၊ ရေနံချောင်းမြို့များအပြင် ရန်ကုန်မြို့သို့လည်း တင်ပို့ရောင်းချကြောင်း၊ ဖရဲသီးနှံပေါ်စအချိန်တွင် ဈေးကောင်းရ၍ အကျိုးအမြတ်များရရှိသည့်အတွက် ဖရဲစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။

DOCA (မကွေး)

## ၆ - ၁၁ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၀၀၀ | ၂၈၀၀၀ | ၁၀၂၆၉ | ၂၂၀၀၀ | ၈၀၀၀ | ၂၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၅၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၃၀၀ | | ၇၇၀၀ | ၂၂၀၀၀ | - | ၁၆၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၂၁၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၂၀၀ | ၂၀၀၀၀ | ၇၅၃၅ | ၁၇၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လှိုင်ကော် | ၅၀၀၀ | | ၈၃၀၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | | ၄၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၃၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၃၀၀ | ၁၉၀၀၀ | ၇၀၄၀ | ၁၂၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၉၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၁၀၀၀ | ၇၃၅၀ | ၈၅၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၈၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၉၅၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၅၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၇၆၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၇၄၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၄၅၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၄၀၀ | ၉၅၀၀ | ၄၂၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၄၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၅၁၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၄၅၀၀ | ၁၈၅၀၀ | ၉၂၀၀ | ၃၃၀၀ | ၆၀၀ | ၈၅၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၅၀၀ | ၅၂၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၅၁၀ | ၁၃၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၇၀၀၀ | ၅၂၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၅၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | ၂၉၀၀၀ | | ၁၈၀၀၀ |



## ညောင်တုန်းမြို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ညောင်တုန်း နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ (၁၆) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် နိုဝင်ဘာ ၅ ရက်က ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် ဝန်ထမ်းများက သမိုင်းဝင် မိုးဟုတ်စေတီတော်မြတ်ကြီး ရင်ပြင်တော်နှင့် ဘုရားဝင်းအတွင်း တံမြက်စည်း လှည်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ပြီး မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက် ကုသလျက်ရှိသော လူနာများကို အာဟာရဒါနအဖြစ် နံနက်စာနှင့် ကြက်ဥများကို ကျွေးမွေး လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## စမ်းချောင်းမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၆**

(၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုဝင်ဘာ ၅ ရက်က စမ်းချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘဝင်း၏ ကြီးကြပ်မှုဖြင့် စီမံအဖွဲ့ဝင်များ၊ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား၊ ဂန္ဓကုဋိတိုက်အတွင်းရှိ ရုပ်ပွားတော်များအား ရောင်ခြည်တော်ဖွင့်ခြင်း၊ ဘုရားပန်းများ ကပ်လှူခြင်း၊ ရေဟောင်းများ အသစ်လဲလှယ်ခြင်းနှင့် ဘုရားဖူးများ စိတ်ချမ်းမြေ့စွာဖူးမြော်နိုင်ရေးအတွက် ရင်ပြင်ပေါ်နှင့် စောင်းတန်းတစ်လျှောက် တံမြက်စည်းလှည်း သန့်ရှင်းရေးများပြုလုပ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးဆောင်၍ ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁၂) ချမ်းသာရိပ်မွန်လမ်းနှင့် ငြိမ်းအေးချမ်းသာလမ်းထောင့်ရှိ Snow Palace Hotel ၌ နိုဝင်ဘာ ၅ ရက်က မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ပြီး သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်စဉ်။

မောင်မွေး




### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ ခရေရိပ်(၂)လမ်း၊မြေကွက်အမှတ်(၂၆၁)၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိဦးအောင်ဘော် (AG-166245)အမည်ပေါက်ပါမစ်မြေကွက်အနက်မှတရားဝင်မခွဲမစိတ်ရသေးသောမြေကွက်အမှတ်(၂၆၀)နှင့်ကပ်လျက်ရှိသောအကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဒေါ်ငုဝါအောင်(၁၀/သထန(နိုင်)၁၁၉၄၁၈)ထံမှကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက် လိုပါကကျွန်ုပ်ထံသို့တရားဝင်နိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့်ယနေ့မှ စ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
Ph,09421746974 အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၀(က+ခ)၊ ဦးအေးလမ်း(၂)၊မြေကွက်အမှတ်(၄၉၁+၄၉၂)၊ အကျယ်အဝန်း(၅၀ပေ× ၅၀ပေ)ရှိ ဦးဝင်းဖေ (၁၂/လမန(နိုင်)၁၁၃၆၇၁)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက် ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၆၀၁+၁၆၀၂/၂၀၂၃)တို့ဖြင့် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်စန်းစန်းဝင်း (၁၂/လမန(နိုင်)၀၁၈၇၄၂)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင် နိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
Ph,09421746974 အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)

## ငပုတောမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ငပုတော နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေး ကော်မတီဥက္ကဋ္ဌ ဦးရည်မွန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များသည် ယမန်နေ့က တမန်ချောင်းကျေးရွာ တောင်သူဒေါ်မူ၏ ဥယျာဉ်ခြံမြေအတွင်း ပြုလုပ်သည့် မြေပြန့်ကော်ဖီရိုဘတ်စတာ ကော်ဖီပင်ပေးအပ်ပွဲနှင့် စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ကော်ဖီပင်များကို တာဝန်ရှိသူများနှင့်အတူ စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် တောင်သူမန်းသာထွေး၏ ကော်ဖီစိုက်ခင်း ငါးကေစိုက်ပျိုး ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုအားပေးကာ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကမ်းနီကျေးရွာ၌ စာကြည့်တိုက်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက် ဆောက်လုပ်ရန်ရန်ပုံငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။

ယင်းနောက် ကွင်းချောင်းကျေးရွာတွင် ပြုလုပ်သည့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ပေးအပ်ပွဲနှင့် ကြဲပက်ပွဲတွင် တာဝန်ရှိသူများနှင့်အတူ ပိုက်ဆံလျှော်မျိုးစေ့များကို စုပေါင်းကြဲပက်စိုက်ပျိုးပြီး ဟင်းအိုးချောင်းကျေးရွာ တောင်သူဦးကျော်စိုးဝင်း၏လယ်မြေ ၈ ဒသမ ၈၄ ဧကတွင် မနောသုခ မိုးစပါး စံကွက်ရိတ်သိမ်းနေမှုတွင် တစ်ဧကလျှင် အစိုတင်းပျမ်းမျှအထွက်နှုန်း ၉၈ ဒသမ ၉၅ တင်းနှုန်း ထွက်ရှိမှုတို့ကို သွားရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



### မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆင်ကူးလမ်း ရပ်ကွက်နေ ဦးခင်မောင်၏သား ဦးမောင်ဝင်းရွှေ ၁၁/စတန(နိုင်)၀၁၂၉၀၂ ၏ မွေးသက္ကရာဇ် အမှန်မှာ (၂၃-၂-၁၉၇၀)ဖြစ်ပါကြောင်း။

### အမည်ပြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အထက-၆၊ Grade-1 မှ (၁) ဦးသက်ဝင်းပိုင် ၏သမီး မမိုးမြတ်နန္ဒာ အား မထူးမြတ်သဒ္ဒါ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မထူးမြတ်သဒ္ဒါ

### ကိုညီညီမင်း(၇/ပခန(နိုင်)၂၆၀၇၃၄) နှင့် အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ညောင်ဝိုင်း(၁၁)လမ်း၊ အမှတ်(၁၅၀) တွင်နေထိုင်သူ ဦးမြင့်သိန်း-ဒေါ်ခင်မိုးသွင် တို့၏သားဖြစ်သူ ကိုညီညီမင်းနှင့် ကျွန်ုပ်၏အမှုသည်ဖြစ်သူ မရွှေဇင်မင်း(ခ)စိန်ချီပိုး တို့သည် (၅-၃-၂၀၁၆) ရက်မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်လင်မယားအဖြစ် ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၌ ပေါင်းသင်းနေထိုင်ကြပြီး (၆-၈-၂၀၁၉)ရက်၌ သမီး မဆုဘုန်းမဒီ အား မွေးဖွားခဲ့ပါသည်။ ၎င်းတို့နှစ်ဦးသည် ယနေ့အချိန်အထိ တရားဝင်ကွာရှင်းပြတ်စဲခြင်း မရှိသေးသည့်အတွက် မြန်မာ့ဗုဒ္ဓဘာသာအမျိုးသမီးများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၂(က)အရ တရားဝင်လင်မယားအဖြစ် တည်ရှိနေပါကြောင်း ကိုညီညီမင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | ညွှန်ကြားချက်အရ |
| မရွှေဇင်မင်း(ခ)စိန်ချီပိုး | ဦးမျိုးမင်းအောင်(LL.B) |
| (၇/သနပ(နိုင်)၀၈၁၄၄၅) | အထက်တန်းရှေ့နေ(စဉ်-၄၉၉၉၃) |
| | အမှတ်(၁၀၆)၊ ဗန္ဓုလလမ်း၊ သနပ်ပင်မြို့ |
| | ဖုန်း-၀၉ ၇၈၀ ၉၇၃ ၆၁၂ |

### ဦးညီမင်းခန့် (၁၁/သတန(နိုင်)၀၇၃၁၀၀) နှင့် အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ် (၂၃၇၉) အခန်း(၂၃)နေ ဒေါ်မေသူကျော် (ဘ)ဦးမောင်မောင် ၁၁/သတန(နိုင်)၀၇၂၁၂၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသူကျော်နှင့် ဦးညီမင်းခန့်တို့သည် ၂၀၁၂ ခုနှစ် (၁၁)လပိုင်းတွင် လက်ထပ်ပေါင်းသင်းခဲ့ကြပြီး (၇)နှစ်အရွယ် သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။ ထိုသို့ပေါင်းသင်းနေစဉ် အိမ်ထောင်သက်(၈)နှစ်အကြာ၌ လင်မယားချင်း စိတ်သဘောထားမတိုက်ဆိုင်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ သံတွဲမြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ်(၁၆)ဖြင့်"လင်မယားကွာရှင်းပေးစေလိုမှု" စွဲဆိုခဲ့ရာ သံတွဲမြို့နယ်တရားရုံးမှ (၁၁-၈-၂၀၂၀) ရက်တွင် ကျွန်ုပ်၏မိတ်ဆွေအား အနိုင်ဒီကရီ အမိန့်ချမှတ်ပေးခဲ့ပြီး တရားဝင်ကွာရှင်း ပြတ်စဲခဲ့ကြပါသည်။ ဦးညီမင်းခန့်သည် တရားဝင်ကွာရှင်းပြတ်စဲပြီး (၈)လခန့် အကြာတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသူကျော်၏ မိခင်ထံသို့ ၎င်းတို့ လင်မယားပြန်ပေါင်းလိုကြောင်း မိဘအစုံအလင်ဖြင့် လာရောက်တောင်းပန်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှလည်း အရွယ်မရောက်သေးသော သမီးရှိနေသည်ကို ထောက်ရှု၍ ဦးညီမင်းခန့် တောင်းပန်ခြင်းကိုလက်ခံကာ ပြန်လည်ပေါင်းသင်းခဲ့ပါသည်။ ထိုသို့ပြန်လည် ပေါင်းသင်းပြီးနောက် ဦးညီမင်းခန့်သည် ကျွန်ုပ်၏ မိတ်ဆွေဒေါ်မေသူကျော်၏ မိခင် ဒေါ်မိုးမိုးနိုင်မှ ဦးညီမင်းခန့်အား လုပ်ငန်းအဆင်ပြေစေရန် အရင်းအနှီးအဖြစ်ထုတ်ပေးသော ရွှေထည်နှင့် ငွေကြေးများကို ရယူကာ (၅-၈-၂၀၂၃)ရက်တွင် ကျွန်ုပ်၏မိတ်ဆွေဒေါ်မေသူကျော်နှင့် စကားများရန်ဖြစ်ပြီး ကိုယ်ထိလက်ရောက်ပြုမူ၍ အတူပေါင်းသင်းနေထိုင်နေသော သံတွဲမြို့၊ အမှတ်(၆)ရပ်ကွက်၊ ဗိုလ်ကုန်းဆောက်လုပ်ရေး ဝန်ထမ်းအိမ်ရာ နေအိမ်မှ ထွက်ခွာသွားခဲ့ပါသည်။ ထိုအချိန်မှစ၍ ယနေ့အချိန်ထိ ကျွန်ုပ်၏မိတ်ဆွေထံသို့ဆက်သွယ်ခြင်းမပြုခဲ့သလို၊ မယားစရိတ်၊ သားသမီးစရိတ်လည်း တစ်ကျပ်တစ်ပြားမှ ထောက်ပံ့ပေးခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် ဦးညီမင်းခန့်အား လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲရန် ဥပဒေနှင့်အညီ တောင်းခံသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ဦးညီမင်းခန့် နေအိမ်မှဆင်းသွားခဲ့သော (၅-၈-၂၀၂၃)ရက်မှစ၍ ဒေါ်မေသူကျော်နှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ပြီးဖြစ်သောကြောင့် ထိုရက်နောက်ပိုင်း ဦးညီမင်းခန့်၏ ပြုလုပ်ဆောင်ရွက်မှုများသည် ဒေါ်မေသူကျော်နှင့် သက်ဆိုင်ခြင်းမရှိသဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်မင်းမြင့်ဆွေ
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၂၃)
ဇီဇဝါလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း-၀၉-၆၆၁၅၄၅၅၄၄

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/6051 Yarzar Tun (YZT-T-OS), Van (4x2)R Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ U Myo Thein ၇/သဝတ(နိုင်)၀၆၄၉၇၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သာယာဝတီ)

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 56W/2500 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဘိုစိုး ၁၄/ဟသတ(နိုင်)၃၂၃၅၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟင်္သာတ)

## ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ပွဲ



### ကုသိုလ်ပြုနိုင်ရေး နှိုးဆော်လွှာ

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် မေလခန့်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနား ဆောင်ရွက်မည် ဖြစ်ပါသည်။ သဒ္ဓါကြည်လင်ပါရမီရှင်များမှ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ရွှေစင်ရွှေပြား (၁၀)လက်မပတ်လည် ရွှေ(၁)ကျပ်သား တစ်ချပ်လျှင် ကျပ်(၂၅)သိန်းဖြင့်လည်းကောင်း၊ ရွှေစင် ရွှေပြား(၁)ပေပတ်လည် ရွှေ(၆)ကျပ်သား တစ်ချပ်လျှင် ကျပ်(၁၅၀)သိန်းဖြင့်လည်းကောင်း လှူဒါန်းနိုင်ပါကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လကုန်အတွင်း လှူဒါန်းသော ရွှေစင်ရွှေပြားများအား ယခု ဆောင်ရွက်နေသည့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း အစီအစဉ်တွင် ထည့်သွင်းလှူဒါန်းမည် ဖြစ်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ဖုန်း - ၀၁၈ - ၃၇၅၇၆၇၊ ၀၁၈ - ၃၈၃၅၁၂၊ ၀၁၈ - ၃၈၃၅၀၂

---

### ကြော်ငြာစာ
### ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃ )
### ကျောက်ဆည်ခရိုင်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၆၃
### ကွယ်လွန်သူ ဦးအေးကျော် ၏
### ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်အုပ်စု၊ ဝန်ထမ်းကွက်သစ်ရပ် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအေးကျော်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးဝင်းသိန်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအေးကျော်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၁၁)ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးဝင်းသိန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၃၀)ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စုငြိမ်းမွန်)
ဒုတိယခရိုင်တရားသူကြီး(၂)
ကျောက်ဆည်ခရိုင်တရားရုံး

---

### ပတ်စ်ပို့ပျောက်

တောင်သာမြို့နေ ဦးဝင်းဆွေ၏သား ဦးမြင့်ခိုင် ၉/တသန(နိုင်) ၁၁၉၈၃၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-801415) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၆၈၂၁၁၂

---

### ပတ်စ်ပို့ပျောက်

မြဝတီမြို့နေ ဦးမြင့်အောင်၏သမီး မကလျာဝေ ၃/မဝတ(နိုင်) ၀၆၆၇၃၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-292117) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၄၂၉၃၂၀၀

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက် အမှတ် ၈၈.၁၀၊ ဦးပိုင်အမှတ်(၉၅/ခဲစင်း)၊ ၅၀x၅၁လမ်းကြား၊ ၁၀၇x၁၀၈လမ်းကြားရှိ တပ်ကြပ်ဝင်းလှိုင်အမည်ပေါက်တောဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးဝင်းလှိုင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၁၄၅၃/ ၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်စန်းငြိမ်း ၉/မနမ (နိုင်) ၀၈၈၀၇၅၏(GP ရရှိသူ ဦးကော်ရှောက်ရှန်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၄၇၁၉/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက် အမှတ် ည၃-၉၊ ဦးပိုင်အမှတ်(၈၇)၊ ၆၁x၆၂လမ်းကြား၊ ၁၂၂x၁၂၃လမ်းကြားရှိ ဒုတက ဝမ်းမောင် အမည်ပေါက် တောဂရန် မြေကွက်အား ပြည်ကြီးတံခွန် မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် (၁၀၄/၂၀၂၃)တွင် (၂၇-၁၀-၂၀၂၃)ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဒုတက ဝမ်းမောင် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၉၃၆/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဦးခင်မောင်ဝင်း ၉/မနတ(နိုင်)၀၂၃၉၉၃ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၄၇၂၁/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊သက်တမ်းတိုး၊အမည်ပြောင်းလျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

---

### ဦးမောင်မောင်နှင့်အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၀)၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးမောင်မောင်၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်နန်းရွှင်ထံမှ ကျွန်မဒေါ်သန်းသန်းမြင့်မှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာလက်ရှိ ထားပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် သက်ဆိုင်ရာရုံးဌာနတို့တွင် ဝယ်ယူသူအမည်ပေါက်သည့်အထိဆောင်ရွက်ပေးပါမည်ဟုဝန်ခံကတိပြုထားသည့်ဖြစ်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုရန်အတွက် (၁၅-၁၁-၂၀၂၄) နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးခင်မောင်ဝင်းနှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းမြင့်
အကွက်(တတ-၁၀)၊(စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့၊
ဖုန်း- ၀၉-၄၄၄၆၆၆၄၉၁

---

## ဥတုရာသီ တောကိုမှီ

---

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/1244, 2I/2609 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

---

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3N/7554 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

---

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/7020 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

---

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 65W/37335, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ရှိန်း ၁၄/ကခန (နိုင်) ၀၆၁၈၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ဟင်္သာတ)

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/84466, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇော် ၁၄/မမက(နိုင်) ၁၆၇၃၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)
မအူပင်မြို့

---

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 52W/31672, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသူ ၁၄/ဟသတ(နိုင်)၂၈၁၇၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဟင်္သာတ)

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ကမ္ဘာဖြူကျေးရွာနေ ဒေါ်အေးသူ၏ ဖခင် ဦးလှကျော်နှင့် ဦးမြနိုင် ၉/မလန(နိုင်) ၀၄၉၉၉၈ မှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

ဦးလှကျော်(ခ)ဦးမြနိုင်

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ မြေထူးရွာ အထက(ခွဲ) မှ ဦးဇော်မျိုးထွေး (လက်ထောက်မူလတန်းပြ) ၏ ဖခင် ဦးခင်မောင်ဦးနှင့် ဦးမြင့်ရွှေ ၅/ကဘလ(နိုင်) ၀၄၀၃၆၉ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

### ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ ပေါင်းလောင်း-၃၊မြေကွက်အမှတ်(၁၃၅၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးမျိုးအောင်ဆန်း၊ ၈/မဘန(နိုင်)၀၀၀၈၈၇ မှ မြေပေးမိန့်မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများ၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အခြေပြုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အောက်ဖော်ပြပါငါးဖမ်းရေယာဉ် (၁)စီးသည် ဦးမောင်မြင့် ၁၂/မဂတ(နိုင်)၀၃၁၂၀၀ မှ အမည်ပေါက်ပိုင်ဆိုင်ထားသော ငါးဖမ်းရေယာဉ်ဖြစ်ပါသည်။ ၎င်းရေယာဉ်(၁)စီးအား ဦးမောင်မြင့် ၁၂/မဂတ(နိုင်)၀၃၁၂၀၀ ထံမှ ကျွန်ုပ်၏အမှုသည်ဖြစ်သော ဦးကျော်မျိုးလှိုင် (၈/ရစက(နိုင်)၀၀၀၃၁၃)မှ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ငါးဖမ်းရေယာဉ်(၁)စီးနှင့် ပတ်သက်၍ ရေယာဉ်၏ပိုင်ရှင်ပြောင်းလဲလုပ်ကိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနသို့ လျှောက်ထားမည်ဖြစ်ပါသည်။ အောက်ဖော်ပြပါ ငါးဖမ်းရေယာဉ်(၁)စီးနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်းကိစ္စအဝဝအား ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| စဉ် | ရေယာဉ်အမည် | လိုင်စင်အမှတ် | ရေယာဉ် မှတ်ပုံတင်အမှတ် | မူလပိုင်ရှင်အမည် | ပြောင်းလဲမည့် ပိုင်ရှင်အမည် |
|---|---|---|---|---|---|
| ၁ | အောင်ဆုမွန်-၂၁ | Y-1054 | ON-5704 (A) | ဦးမောင်မြင့် ၁၂/မဂတ(နိုင်) ၀၃၁၂၀၀ | ဦးကျော်မျိုးလှိုင် ၈/ရစက(နိုင်) ၀၀၀၃၁၃ |

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေစဉ်-၁၁၅၅၃ (၂၉-၁၁-၂၀၁၆)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄-II)**
**၃၅-လမ်း(တို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၄၄၃၀၂၆၁၉၉ ၊ ၀၉-၉၅၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ရေအေးကွင်းရပ်ကွက်၊ ရေထွက်ဦးလမ်း၊ ကွင်းအမှတ် (၈/ဃ)၊ ကွင်းအမည် (ဘုရားဖြူမြောက်ကွင်း)၊ ဦးပိုင်အမှတ် (F-15)၊ ဧရိယာ (၀.၅၈၈)ဧကရှိ ဦးမောင်မောင်ဦး (၁၂/ကတတ (နိုင်) ၀၁၅၃၈၃) အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးမောင်မောင်ဦး ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ပျောက်ဆုံးကြောင်း

(ဘ) စိုင်းဆိုင်လာ၏သမီး ကျွန်မ နန်းဖတ်ခမ်း ၁၃/ကတန(နိုင်)၁၃၃၇၀၈ ၏ နိုင်ငံကူးလက်မှတ်(MH-656996)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၉၅၂၈၇၈၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/86925 Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်သူ ၉/အမရ(နိုင်)၁၂၀၁၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/73988 Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၈/ရစက(နိုင်)၀၀၇၁၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/8833 Toyota Alphard MNH10, Micro Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်နိုင် ၅/တမန(နိုင်)၀၀၀၀၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 81W/42156 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးလှမိုး ၁၄/ကခန(နိုင်)၀၇၁၂၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 75W/98825 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမြဝင်း ၁၄/ဟသတ(နိုင်)၃၀၃၅၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 70W/63237 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်းအောင် ၁၄/ဇလန(နိုင်) ၁၆၇၅၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 73W/5473 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးလေးလွင် ၁၄/ကပန(နိုင်)၁၁၀၉၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 74W/24009 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝဏ္ဏအောင် ၁၄/လမန(နိုင်) ၁၂၄၁၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 55W/41178 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးလင်းအောင် ၁၄/ဇလန(နိုင်) ၁၁၇၀၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃/သမိုင်း)၊ (၅) ရပ်ကွက်၊ သာယာကုန်းရှမ်းရွာ (၂)လမ်း၊ ခြံအမှတ် (၁၀)၊ မြေကွက်အမှတ် ( ၆/အ )၊ အကျယ်အဝန်း (၀.၀၄၉)ဧက နှင့် (၀.၀၅၀)ဧကရှိ မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁) ဦးအောင်မြင့် (၁၂/မရက (နိုင်) ၁၄၃၆၉၁)၊ (၂) ဦးအောင်တင့် (၁၂/မရက (နိုင်) ၀၁၁၂၈၃)၊ (၃) ဦးညွန့်ဖေ (၁၂/ကမတ (နိုင်) ၀၀၄၈၇၉) ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်စောမြသွင် (၁၂/ကမတ (နိုင်) ၀၀၄၂၅၀)နှင့် (၄) ဒေါ်ညွန့်ညွန့်ဝင်း (၁၂/မရက (နိုင်) ၀၆၃၀၂၂)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူး အိမ်ရာအပိုင်း (၂)၊ တိုက်အမှတ် (CC-2)၊ အခန်းအမှတ် (၇၀၁) ၊ အကျယ်အဝန်း (U-900 Sqft)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစည်သူဟိန်း (၇/တငန (နိုင်) ၁၁၂၉၃၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၉)၊ ဇေယျာသီရိလမ်း၊ မြေကွက်အမှတ် (၁၅၄၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးစိုးကြည် (BP- ၀၆၁၇၁၇) (၁၂/ဗဟန (နိုင်) ၀၆၂၈၃၉) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်သန္တာစိုး (၁၂/ဗဟန (နိုင်) ၀၁၇၅၉၆) ထံမှကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ပျောက်ဆုံးကြောင်း

(ဘ) ဦးစိုးတင်ဦး၏သား မိုးကျော်ဦး ၁၄/မအန(နိုင်)၂၃၅၉၇၇၏ နိုင်ငံကူးလက်မှတ် (MD 395041)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၆၅၉၉၅၃၇၂၈

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 53W/45686

Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဘုန်းပြည့်ပိုင် ၁၄/ဟသတ(နိုင်)၃၅၉၁၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/99565

Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လွင် ၁၄/ကခန(နိုင်)၀၇၅၀၄၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဇမ္ဗူသီရိမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၃

| | | |
|---|---|---|
| ဦးစိုးလွင်မြင့် | နှင့် | ဦးချစ်မင်းသူ |
| **တရားလို** | | **တရားပြိုင်** |

နေပြည်တော်၊ ပျဉ်းမနားမြို့နယ် ဆောက်လုပ်ရေးကန်ထရိုက်၊ ဆွေသဟာတည်းခိုခန်းအနီး ရွှေချီရပ်ကွက်နေ (ဘ)ဦးမြင့်ဦး၏ သားဖြစ်သူ တရားပြိုင် ဦးချစ်မင်းသူ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုးလွင်မြင့်က နှစ်ဦးသဘောတူငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်ပါငွေ ၁၃၀,၀၀,၀၀၀/-(ကျပ်သိန်းတစ်ရာ့သုံးဆယ်တိတိ)နှင့် နစ်နာကြေးငွေ ၂၀,၀၀,၀၀၀/- (ကျပ်သိန်းနှစ်ဆယ်တိတိ)၊ စုစုပေါင်းငွေ ၁၅၀,၀၀,၀၀၀/-(ကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ) ရလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်၊ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရဲလင်းအောင်)
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ဇမ္ဗူသီရိမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရမည်းသင်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၃

| | | | |
|---|---|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး | နှင့် | ၁။ | အမြဲမှန်သတ္တုလုပ်ငန်း |
| အမှတ်(၂)သတ္တုတွင်းလုပ်ငန်း | | | ကုမ္ပဏီလီမိတက် |
| သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | | ၂။ | ဦးခွန်ယု |
| ထိန်းသိမ်းရေးဝန်ကြီးဌာန | | ၃။ | ဦးခွန်သူရိန် |
| (ယခင်သတ္တုတွင်းဝန်ကြီးဌာန)၊ | | ၄။ | ဒေါ်စောမြတ်မွန် |
| နေပြည်တော် | | ၅။ | ဒေါ်စောပန်းပန်းယု |
| ၎င်း၏ကိုယ်စား ဦးဇော်မျိုးနိုင်၊ | | ၆။ | ဦးစိုင်းဝင်းမြင့် |
| လက်ထောက်မန်နေဂျာ | | ၇။ | ဦးထွန်းရွှေ |
| အမှတ်(၂)သတ္တုတွင်းလုပ်ငန်း | | ၈။ | ဦးအုန်းမောင် |
| **(တရားလို)** | | | **(တရားပြိုင်များ)** |

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ စံပယ်ခြံ(၃)လမ်း၊ အမှတ်(၄)နေ၊ (၆)တရားပြိုင် ဦးစိုင်းဝင်းမြင့်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၆၆၆)နေ (၇)တရားပြိုင် ဦးထွန်းရွှေ၊ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။ သင်တို့အပေါ်၌ တရားလို သတ္တုတွင်းဝန်ကြီးဌာနကိုယ်စား ဦးဇော်မျိုးနိုင်က "ပေးသွင်းရန် ရွှေကြွေးကျန် ၂၉.၅၅ကျပ်သား၊ ကာလတန်ဖိုးအားဖြင့် ငွေကျပ် ၅၄၈၅၉၅၇၅.၀၀" ရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ ရက်)မွန်းမတည့်မီ နံနက် ၁၀:၀၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးရှေ့သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မေလင်းထူး)
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရမည်းသင်းခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/10434

Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 65W/73600

Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၁၄/လမန(နိုင်)၀၄၂၃၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ တပင်ရွှေထီးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ မြေရေိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒု-တပ်ကြပ်ကျော်ဖြူ (ဘ) ဦးမောင်မှုံ ၉/တကန(နိုင်)၁၆၇၃၇၃ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပစ(င)၅၀၈၉)ကို မြေကွက်အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်စုနှင်းလွင် (ဘ) ဦးကျော်မြင့်လွင် ၇/ပခန(နိုင်)၂၇၃၁၆၂မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(ဇ-၂၃၀၂)၊ ဧရိယာ ၀ ဒသမ ၅၇၂ ဧကရှိ ဦးသန်းအောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည် ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဖြိုးစည်သူတိုးမြင့်(ဘ) ဦးတိုးမြင့် ၁၁/စတန(နိုင်)၀၅၆၉၅၈ မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၄၅၄/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်စန္ဒာအေး (ဘ) ဦးအုန်းကျော် ၁/ရကန(နိုင်) ၀၀၀၄၈၄၊ ဒေါ်ဥမ္မာဦး (ဘ) ဦးခင်မောင်ဦး၊ ၈/မကန(နိုင်) ၀၀၅၀၉၈၊ ဒေါ်ဖြိုးဖြိုးအောင် (ဘ) ဦးလှဝင်း ၁၂/မဂတ(နိုင်)၀၈၅၈၄၁ တို့နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ် ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4S/3669 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်အမှတ်(ဒ-၆၂၁၆)၊ မြေရေိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်မာလာသန်းထိုက် (ဘ) ဦးသန်းထိုက် ၁၂/ဒဂန(နိုင်)၀၀၇၇၂၉ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်မာလာသန်းထိုက်ထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၃၁၁/၂၀၂၂) (၂၄-၁-၂၀၂၂)ရရှိထားသူ ဦးညီညီအောင် (ဘ) ဦးလှအုန်း ၈/ခမန(နိုင်) ၁၀၈၇၉၅မှ ဒေါ်သီသီခိုင် (ဘ) ဦးမြ ၉/ကပတ(နိုင်)၁၄၁၆၅၆နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9V/60987

Yangon Woling Desel ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထွန်း ၁၄/မအန(နိုင်)၁၂၁၀၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/48956

Haojue Click 100 ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝေ ၁၄/မအန(နိုင်)၁၇၂၈၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 62W/5430

Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးလှဌေး ၁၄/အဂပ(နိုင်)၀၄၇၆၂၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/79736

Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးသူဇာဝင်း ၅/စကန(နိုင်)၂၇၁၇၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာနေ ဦးရီဝမ်း (ဘ) ဦးတင်အောင် ၁၂/လကန(နိုင်)၀၃၇၆၁၀ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကမ်းနီကျေးရွာရှိ ပေ(၄၀x၆၀) အကျယ်အဝန်းရှိ ခြံမြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကမ်းနီးကျေးရွာနေ ဦးစိုးမင်းပိုင် ၇/အဖန(နိုင်)၀၉၆၂၈၆ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကမ်းနီကျေးရွာရှိ ပေ(၄၀x၆၀) အကျယ်အဝန်းရှိ ဦးစိုးသိန်း၏ လျှပ်စစ်မီတာအမည်ပေါက် မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေ ဦးအာကာထွန်း (၁၂/ဒဂတ(နိုင်)၀၇၃၆၆၉) က ၅-၁၁-၂၀၂၄ရက်တွင် တရားဝင်အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ ဦးအာကာထွန်းတစ်ဦးတည်းကသာလျှင် အထက်ဖော်ပြပါ မြေကွက်(၂)ကွက်အား လက်ရောက်ပိုင်ဆိုင်စီမံခန့်ခွဲအကျိုးခံစားခွင့်ရရှိသွားပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလင်းလင်းဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၄၁)**
**အမှတ်(၁၇)၊ ငါးမာန်အောင်ဘုရားလမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၆၃၄၄၅၃၃၅၊ ၀၉-၆၆၆၆၇၀၁၀၁**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/8821 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/5926 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါက်တာ ဒေါ်ခင်မော်ဦး @ June Ba U
## အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အိမ်အမှတ် (၃၉)၊ အင်းယားမြိုင်လမ်းနေ (အငြိမ်းစား ရဲမင်းကြီး ဦးဘဦး-ဒေါ်စိမ်းရင်)တို့၏သမီးထွေး၊ [ဝဏ္ဏကျော်ထင် ဆရာကြီး ဦးစံထွား (အငြိမ်းစား အုပ်ချုပ်ရေးမှူး၊ စာပေဗိမာန်)- ဒေါ်ယဉ်မြ]တို့၏ သမီးချွေးမ၊ (ပါမောက္ခ ဒေါက်တာ ဦးမြတ်သူရ)၏ဇနီး၊ ဦးမျိုးသူရ-ဒေါ်စန္ဒာမြင့်၊ ဒေါ်ခင်မြတ်မြတ်မော်-ဦးရှိန်ဝင်း၊ ဒေါက်တာထွန်းသူရ-ဒေါ်ခင်မြတ်ချိုတို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာမျိုးမြတ်စန္ဒာ၊ မောင်ဟိန်းထက်၊ မောင်ကောင်းဟိန်း၊ မောင်လင်းမြတ်သူရ၊ မအေးမြတ်သူရ၊ မောင်စွမ်းမြတ်သူရတို့၏အဘွား ဒေါက်တာ ဒေါ်ခင်မော်ဦး အသက် (၈၂)နှစ်သည် (၉၆)ပါးရောဂါဖြင့် ၅-၁၁-၂၀၂၄ရက် (အင်္ဂါနေ့) ည ၁၀:၃၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၇-၁၁-၂၀၂၄ရက် (ကြာသပတေးနေ့) နံနက် ၁၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေ သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၂၄ရက် (တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ရင်းတိုက်ပင်လမ်းသွယ်(၂)လမ်း၊ မြေကွက်ကြီးအမှတ်၆/၂၊ အိမ်အကွက်ငယ်အမှတ်(၆၃)၊ ဦးသန်းဌေးအမည်ပေါက်မြေကွက်(၄၀x ၆၀)ပေရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းဌေး(၁၂/လကန(နိုင်)၁၂၁၃၄၆ နှင့် ဇနီးဒေါ်တင်စောဝေ (၁၂/လကန(နိုင်)၀၅၄၂၀၄)ထံမှ ဦးအေးမင်း( ၇/ ဖမန(နိုင်)၂၀၅၆၈၆)ကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအပြည့်အစုံဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးမမ(စဉ်-၁၃၆၂၈)**
**တရားလွှတ်တော်ရှေ့နေ**
**၈၂/ ၁၁၅၊ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ Ph-09267188569**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ် (ပ-၃၃၃၃၄)၊ ဧရိယာ (၀.၀၅၅)ဧကကို အမည်ပေါက် ဦးသိန်းထိုက် (တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ ဘီလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး(ဘ)ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄မှ ဦးပြည့်ဖြိုးကျော် (ဘ)ဦးအောင်ကျော်ဦး ၉/ပမန(နိုင်)၁၉၈၂၅၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ထုတ်ယူ ခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ်၊ တရားရုံး၏ တရားမကြီးမှုအမှတ် ၄၈/၂၀၂၃၊ တရားမဇာရီမှုအမှတ် ၄၃/၂၀၂၃တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ(၉)လမ်း၊ အမှတ်(၃၈၈/ခ+၃၈၉/က)ရှိ (၄၀ပေ x ၆၀ပေ)မြေပေါ်တွင် ဆောက်လုပ်ထားသော ၂ခန်းတွဲ ၆ထပ် RC တိုက်၏ ဘယ်ဘက်(ခြေရင်း)ခြမ်းရှိ အခန်း ၁၇ပေ x အလျား ၅၄ပေ၊ အမြင့် ၉ပေ ကျယ်ကာ ပထမထပ်(၂လွှာ)ဟု ခေါ်တွင်သော ရေမီးအပြည့်အစုံပါတိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် မြေရှင်နှင့် ကန်ထရိုက်တာတို့ ချုပ်ဆိုသောစာချုပ်အရ မြေရှင် ဒေါ်မြဟန် ၁၂/ဥကတ(နိုင်)၀၈၂၄၇၉နှင့် ဒေါ်သိန်းသိန်း ၁၂/ဥကတ(နိုင်) ၀၈၂၄၆၁ တို့ရရှိသော တိုက်ခန်းဖြစ်ပြီး ၎င်းတို့ထံမှ ကြိုပွဲငွေစနစ်ဖြင့်ဝယ်ယူထားရှိသူ ဒေါ်ခိုင်ခိုင်မော် ၁၁/တကန(နိုင်) ၀၅၇၃၈၄က အရှုပ်အရှင်းကင်းရှင်း၍ မိမိတွင် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဘုန်းမြင့်ဇော် ၁၄/ဇလန(နိုင်) ၀၉၆၅၅၁က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်ထက်အောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း -၀၉-၇၉၀၁၄၄၅၂၇**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ အမက (၂) ကျောင်းမှ မအိသဇင် G-3 ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဌေး ၅/ဟမလ(နိုင်)၁၇၈၉၇၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်ရွာ၊ ပြည်မဟာကိုယ်ပိုင်အထက်တန်းကျောင်း (G-11)မှ မအိသန္တာထက်နှင့် မူလွန်အလုပ် (G-5)မှ မနှင်းရတီလင်း၏ မိခင်အမည်မှန်မှာ ဒေါ်သန်းမော် (၇/ဝမန(နိုင်)၁၁၉၈၆၄)ဖြစ်ကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ ကောလိယ(၂၂)လမ်း၊ မြေကွက်အမှတ်(၄၈၉/က)၊ မြေပေအကျယ်(၂၀x၆၀)ပေ၊ စတုရန်းပေ(၁၂၀၀)ရှိ ဦးသန့်ဇင်ထွန်း အမည်ပေါက်နှစ်(၆၀)ဂရန်မြေ ကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်သန္တာအေး(၁၂/ပဘတ(နိုင်)၀၀၇၉၄၉)က အထက်ပါမြေကွက်ကို မိမိသာ တရားဝင်ပိုင်ဆိုင်ပြီးအရှုပ်အရှင်းကင်းရှင်း၍ မိမိမှလွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## သင့် သွေး ဖြင့် အ သက် ကယ် ပါ

## ဦးအေးသောင်း
## (ဒုတိယအထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း)
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ကလောအိမ်ရာ၊ တိုက်အမှတ် (၁၄/စီ)၊ မကြီးကြီးလမ်းနေ (ဦးဘိုးရှိန်-ဒေါ်ကောင်းရင်)တို့၏သား၊ (ဦးကိုဟိ-ဒေါ်ရီ)တို့၏ သားသမက်၊ (ဒေါ်ကြင်ကြင်)၏ခင်ပွန်း၊ ဦးတင့်ဇော်ညွန့်-ဒေါ်ယုယုလှိုင်၊ ဦးမိုးမြင့်ဇော်၊ ဦးကျော်သူဝင်း-ဒေါ်စမ်းမြအေး၊ ဦးထွန်းလင်း-ဒေါ်အေးအေးမင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၆-၁၁-၂၀၂၄ရက် နံနက် (၉:၀၂)နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၂၄ရက် မွန်းလွဲ (၂)နာရီတွင် ရေဝေးသုသာန်ခန်းမ ဆောင်အသစ်၌ သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၃၀၈၊ ၃၁၀)၊ ဧရိယာ(၀ဒသမ၁၈၄)ဧကရှိ ဦးတင်ထွန်းအောင်(ဘ)ဦးမြင့်သိန်း ၁၂/စခန(နိုင်) ၀၆၂၅၄၈ အမည်ပေါက် (၂)ကွက်တွဲ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အနက် မြေကွက်အမှတ် (၃၁၀)၊ ဧရိယာ(၀ဒသမ၀၉၂)ဧကအား မြေငှားစာချုပ်စာအုပ်(၁)အုပ်ဖြင့် မြေငှားစာချုပ် ခွဲစိတ်ခွင့်ပြုပါရန် အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်ခွဲစိတ်ခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ရွှေကြာအင်း(၁) ရပ်ကွက်၊ အပိုင်း(၃)နေ ဒေါ်ခင်မြ ၈/တတက(နိုင်) ၀၀၄၄၅၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြ (မြရတနာဆန်စက်)၏သမီးဖြစ်သူ မနွယ်နီဝင်းသည် မိဘ၏ ဆိုဆုံးမမှုစကားကို နားမထောင်ဘဲ မိဘအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေသဖြင့် ခွင့်မလွှတ်နိုင်သောလုပ်ရပ်များကြောင့် မနွယ်နီဝင်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များအား လုံး၀(လုံး၀) တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း မနွယ်နီဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မြ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသီဟဇော်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၆၃/၁၉)**
**အမှတ်(၂၄၄)၊ (၄)လမ်း၊ အောင်ဇေယျာရပ်၊ မကွေးမြို့**
**ဖုန်း-၀၉-၅၃၃၃၁၉၄**

## ငွေချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## အောင်လံမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၇

| | | |
|---|---|---|
| ဦးဆန်းထွန်းနိုင် | နှင့် | မနှင်းမွှန်မွှန် |
| **(တရားလို)** | | **(တရားပြိုင်)** |

မကွေးတိုင်းဒေသကြီးအောင်လံမြို့နယ်၊ ရွှေပန်းတောကျေးရွာ၊ အောင်မင်္ဂလာရပ်နေ တရားပြိုင် မနှင်းမွှန်မွှန်(ဘ) ဦးတင်မြင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ အောင်လံမြို့နယ်၊ ရွှေပန်းတောကျေးရွာ၊ အောင်မင်္ဂလာရပ်နေ တရားလို ဦးဆန်းထွန်းနိုင်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ့လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် ဤ ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။ **(ရဲထက်)**

**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**အောင်လံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ ကွင်းအမှတ်-၂.AN/ကန်ဖျားကွင်း၊ ဦးပိုင်အမှတ် (၅+၆+၇/၃)၊ မြေဧရိယာ ၁ ဒသမ ၀၉၇ ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၆၉/၂၀၁၄-၂၀၁၅ အရ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်အမည်ဖြင့် ရရှိခဲ့ပြီး (၁-၁၀-၂၀၂၄) ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဦးသက်စိုး ၆/မအရ(နိုင်)၀၃၉၄၈၆၊ မန်နေဂျင်းဒါရိုက်တာ၊ မြိတ်ကော်ပိုရေးရှင်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက် အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ်တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၃ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၄၁၄/ခ)၊ (၆)ထပ်တိုက်အဆောက်အအုံ၏ မြေညီထပ်(ထပ်ခိုးပါ) တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စန်းစန်းအေး ၆/ထဝန(နိုင်) ၀၂၆၀၅၆က တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဆုမြတ်စိုးက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်ခွင့် အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေရဲမင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၇၁)**
**ဖုန်း-၀၉-၈၉၂၁၉၁၂၂၃**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 59W/94568, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးကြီးမြင့် ၁၄/လမန (နိုင်) ၀၁၃၄၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 71W/60454, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းမြတ်သူ ၁၄/ဟသတ(နိုင်)၂၄၂၈၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5U/3381, Yamanya 200 3Wheel MC (Truck Body) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွေး ၆/ထဝန(နိုင်) ၁၀၆၈၆၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/1686 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဝင်း ၈/အလန(နိုင်) ၁၂၀၁၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 64W/63111, Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ကလျာလှိုင် ၁၄/ပသရ(နိုင်)၁၀၄၅၃၈ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၁၂၃၄, Honda Wave NF 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမီဝင်းထွဋ် ၆/သရခ(နိုင်) ၁၁၇၆၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/63941, Dayang 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသီဟစိုး ၈/ရနခ(နိုင်) ၁၁၃၅၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၃၉၉၇၈, Canda 110 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်းအောင် ၉/ပဘန(နိုင်) ၁၂၂၄၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့်နည်းစနစ်များ လိုအပ် ...**

❖ **မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန

**ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရသူများစာရင်းကို (၁၀-၁၁-၂၀၂၄) ရက်တွင် သက်ဆိုင်ရာ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန



အေစီမီလန်တိုက်စစ်ကစားသမား မိုရာတာ ရီးရဲမက်ဒရစ်အသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံစဉ်။

## ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် (၄) တွင် အေစီမီလန်၊ လီဗာပူး နိုင်ပွဲရရှိပြီး ရီးရဲမက်ဒရစ်၊ မန်စီးတီးရှုံးနိမ့်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် (၄) မှ စိတ်ဝင်စားဖွယ်ရာအကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် နာမည်ကြီး ရီးရဲမက်ဒရစ်နှင့် အေစီမီလန်အသင်းပွဲစဉ်ကို ဘာနေဗျူးကွင်း၌ နိုဝင်ဘာ ၆ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိသည်။

ပရိသတ် ၇၅၀၀၀ ကျော် လာရောက်ကြည့်ရှုသည့် အဆိုပါ ပွဲစဉ်တွင် အိမ်ရှင်ရီးရဲမက်ဒရစ်အသင်းသည် နေရာယူပုံ၊ ဘောလုံးထိချက်နှင့် ပေးပို့မှုပိုင်းတို့တွင် အေစီမီလန်အသင်းထက် သာလွန်မှုရှိခဲ့သည်။

*စာမျက်နှာ ၁၄ ကော်လံ ၄* ●

### အထူးမိုးလေဝသသတင်း

## နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင် မြေပြိုမှုအန္တရာယ်၊ ရေကြီး၊ ရေလျှံမှုများ ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် နိုဝင်ဘာ ၆

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီး ရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်

*စာမျက်နှာ ၁၄ ကော်လံ ၁* ◆

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာ၊ WRF မော်ဒယ်လ်၏ ၆-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀) နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၇-၁၁-၂၀၂၄ မှ ၈-၁၁-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




## ရန်ကုန် - ပုသိမ် ခရီးစဉ်နှင့် ရန်ကုန် - ညောင်ဦး ခရီးစဉ် အပတ်စဉ်ပြေးဆွဲမည်

နေပြည်တော် နိုဝင်ဘာ ၆

လာမည့်ပွင့်လင်းရာသီတွင် ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေများသို့ သွားရောက်ကြမည့် ခရီးသည်များအတွက် နိုဝင်ဘာလအတွင်း ရန်ကုန် - ပုသိမ် ခရီးစဉ်ကို အပတ်စဉ် တနင်္ဂနွေနေ့များဖြစ်သည့် ၁၀၊ ၁၇၊ ၂၄ ရက်တို့တွင်လည်းကောင်း၊ ပုဂံဘုရားဖူးထွက်လိုသော ခရီးသည်များအတွက် ရန်ကုန် - ညောင်ဦးခရီးစဉ်ကို အပတ်စဉ် ဗုဒ္ဓဟူးနေ့များဖြစ်သည့် ၁၃၊ ၂၀၊ ၂၇ ရက်နှင့် ညောင်ဦး - ရန်ကုန်ခရီးစဉ်ကို အပတ်စဉ်တနင်္လာနေ့များ

*စာမျက်နှာ ၉ ကော်လံ ၁* ❒




### ယနေ့ သတင်းအညွှန်း

**၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲပြိုင်ပွဲတွင် အနိုင်ရရှိဟု ထရမ့်ပြောကြား**

နိုင်ငံတကာသတင်း စာ ၁၈

**အမျိုးသမီးများကို တရုတ်ယောက်ျားနှင့် လက်ထပ်ရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်**

ပြည်တွင်းသတင်း စာ ၁၉